# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် His Highness Sheikh Ahmad Nawaf Al-Ahmad Al-Sabah နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် His Highness Sheikh Ahmad Nawaf Al–Ahmad Al–Sabah နှင့် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် နှစ်နိုင်ငံချစ်ကြည်ရေး၊ ပူပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံမှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


ယနေ့ ဖတ် စ ရာ

**အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေး**
ပြည်တွင်းသတင်း | စာ ၂

**သဒ္ဒါဖြူဖွေး ဓလေ့သွေး ပေးလှူမကွာ တို့မြန်မာ**
ဆောင်းပါး | စာ ၄

**ရသေ့တောင်မြို့နယ်နှင့် ပေါက်တောမြို့နယ်များသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ပြီ**
ပြည်တွင်းသတင်း | စာ ၁၁


### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၅-၇-၂၀၂၃

| | | | | |
|---|---|---|---|---|
| ရေးမြို့ | ၃ | ဒသမ | ၇၄ | လက်မ |
| ခန္တီးမြို့ | ၂ | ဒသမ | ၄၈ | လက်မ |
| ညောင်လေးပင်မြို့ | ၂ | ဒသမ | ၂၈ | လက်မ |
| မင်းပြားမြို့ | ၂ | ဒသမ | ၂၀ | လက်မ |
| ခရမ်းမြို့ | ၂ | ဒသမ | ၁၂ | လက်မ |
| သထုံမြို့ | ၂ | ဒသမ | ၀၅ | လက်မ |
| ပူတာအိုမြို့ | ၁ | ဒသမ | ၉၃ | လက်မ |
| လောင်းလုံးမြို့ | ၁ | ဒသမ | ၈၉ | လက်မ |
| ပေါင်မြို့ | ၁ | ဒသမ | ၈၅ | လက်မ |
| ချောင်းဆုံမြို့ | ၁ | ဒသမ | ၈၅ | လက်မ |
| ကျိုက္ခမီမြို့ | ၁ | ဒသမ | ၈၁ | လက်မ |




# နိုင်ငံတော်နှင့် ပြည်သူများအတွက် တန်ဖိုးကြီးမားသည့် သားကောင်းရတနာများ

သင်ကြားရေးဆေးရုံကြီးများ၌ ၂၀၂၃ ခုနှစ် ဇူလိုင်လမှစ၍ တစ်နှစ်တာ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားများကို ရန်ကုန်ဆေးတက္ကသိုလ် (၁) နှင့် ဆေးတက္ကသိုလ် (၂)၊ ဆေးတက္ကသိုလ် – မန္တလေး၊ ဆေးတက္ကသိုလ် – မကွေးတို့တွင် ဇူလိုင် ၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ ခံယူချက်မှန်ကန်စွာဖြင့် ကြိုးစားခဲ့ပြီး အလုပ်သင်ဆရာဝန်အဖြစ်သို့ ရောက်ရှိလာသည့်အတွက် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိမည်ဖြစ်ရာ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် အလွန်မင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုစကားပြောကြား၍ ကြိုဆိုခဲ့သည်။

မိမိတို့နိုင်ငံတွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆရာဝန်များစွာ လိုအပ်လျက်ရှိသည်။ အထူးသဖြင့် ပြည်သူလူထုအများစု၏ ကျန်းမာရေးအတွက် မှီခိုအားထားရာဖြစ်သော နိုင်ငံပိုင်ဆေးရုံများတွင် ဆရာဝန်၊ သူနာပြုအင်အားနှင့် လူနာဦးရေတို့မှာ မမျှမတ ဖြစ်နေသည်။ သို့ဖြစ်၍ တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်၊ သူနာပြုများမှာ ဝန်နှင့်အားမမျှ ကြိုးပမ်းဆောင်ရွက်နေရသလိုပင် ကျန်းမာရေးပြုစုစောင့်ရှောက်မှု ခံယူကြရသည့် ပြည်သူများမှာလည်း အပြည့်အဝမရရှိနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့ကြရသည်။ ဆေးတက္ကသိုလ်များက လေ့ကျင့်သင်ကြားမွေးထုတ်ပေးလိုက်သည့် အရည်အသွေးပြည့်ဝသည့် ဆရာဝန်များသည် မကျန်းမာသူကို ကျန်းမာလာအောင် ကုသပေးခြင်း၊ ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်းနှင့် အသိပညာပေးခြင်းတို့ဖြင့် နိုင်ငံသားပြည်သူလူထု၏ ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ကြသူများဖြစ်ရာ နိုင်ငံ့ဝန်ထမ်း ဆရာဝန်အင်အား တိုးတက်များပြားလာခြင်းသည် နိုင်ငံနှင့်ပြည်သူအတွက် တန်ဖိုးကြီးမားသည့် စွမ်းအားများရရှိလာခြင်းပင်ဖြစ်သည်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန် စုစုပေါင်း ၆၀၄ ဦးတို့သည် သင်ကြားရေးဆေးရုံကြီးများတွင် အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ်တိတိ တာဝန်ထမ်းဆောင်ရင်း ပါမောက္ခဆရာဝန်၊ ဆရာဝန်မကြီးများ၏ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမှုကိုပါ ခံယူကြရမည်ဖြစ်သည်။ အလုပ်သင်ဆရာဝန်ကာလပြီးဆုံးသည့်အခါ လက်ထောက်ဆရာဝန်များအဖြစ် နိုင်ငံ့တာဝန်များ ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ပြီး လက်ထောက်ဆရာဝန်ဘဝတွင် ဘွဲ့လွန်သင်တန်း ၁၁ မျိုးကို ဝင်ရောက်ဖြေဆိုနိုင်ကြကာ အဆင့်ဆင့်သော ဆက်လက်သင်ယူဆည်းပူးမှုများဖြင့် ပို၍ပို၍ မြင့်မားသော ပညာရှင်များအဖြစ် ဆက်လက်တက်လှမ်းသွားနိုင်မည်ဖြစ်သည်။ ထို့အပြင် အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ်တာ လေ့ကျင့်သင်ယူထမ်းဆောင်ပြီးချိန်တွင် ဆေးကုသခွင့်မှတ်ပုံတင်ရရှိခြင်းနှင့်အတူ ကိုယ်ပိုင်ဆေးခန်း ဖွင့်လှစ်လုပ်ကိုင်ခြင်း၊ ပုဂ္ဂလိကဆေးရုံများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်ထမ်းဆောင်ခြင်း စသည်ဖြင့် အခွင့်အလမ်းများစွာတို့က စောင့်ကြိုနေမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ ကြိုတင်ကာကွယ်အသိပညာပေးမှုတို့အတွက် ဆရာဝန်များစွာ လိုအပ်နေသည်။ နိုင်ငံ၏ ပျမ်းမျှမျှော်မှန်းနိုင်သော လူ့သက်တမ်းမြှင့်တင်နိုင်ရေး၊ မွေးကင်းစကလေးနှင့် ငါးနှစ်အောက်ကလေးများ သေနှုန်းလျှော့ချရေး၊ မိခင်များ သေနှုန်းလျှော့ချရေးတို့ ဆောင်ရွက်ပေးရန် လိုအပ်နေသည်။ ကျန်းမာရေးအသိပညာနိမ့်ကျမှုများကြောင့် အာဟာရချို့တဲ့မှုနှင့် ကူးစက်ရောဂါများဖြစ်ပွားမှုတို့ကို ကာကွယ်သွားနိုင်ရန် ပညာပေးမှုများလည်း ဆောင်ရွက်သွားရမည်ဖြစ်ရာ လူငယ်သွေးသစ် ဆရာဝန်မောင်မယ်များသည် နိုင်ငံအတွက် သားကောင်းရတနာများပင်ဖြစ်ပါကြောင်း။ ။

## အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၄၀ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

### အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်၍ ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်တာဝန်ပေးလိုက်သည်။
၂။ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော ၏ ခံစားခွင့်ဆိုင်ရာများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဆောင်ရွက်ပေးရမည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်၊ အဖိုးတန် ဂေဟစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးပိုင် စိုက်ပျိုးမြေရိယာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသာဋ္ဌေးက ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ခုံရုံးအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင်ကျွန်းပင် စုစုပေါင်း ၄၂၂ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

**ကျန်းမာရေးဝန်ကြီးဌာန**
(၅–၇–၂၀၂၃)

### ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆၁ ဦးတွေ့ရှိ

(၅ – ၇ – ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ် ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄–၇–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅–၇–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၉၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၈၅,၅၂၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၆၁၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၀) ဦးရှိသဖြင့် ယနေ့ အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၅၀၈) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံတော်အဆင့်အခမ်းအနားများကျင်းပရာတွင် တွေ့ကြုံရသည့်အားနည်းချက်များကိုပြုပြင်ပြီး အားသာချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်

**❑ နိုင်ငံတော်အစိုးရအနေဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပြီး သက်တော်ရှည် သံဃာ့ဥသျှောင်ဆရာတော်ကြီးများကို နှစ်စဉ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းသည် မြတ်စွာဘုရားရှင်က မိုးရေခံသင်္ကန်း(ဝါဆိုသင်္ကန်း)ဆက်ကပ်ရန် ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးတော်မူခဲ့သည့်အတွက် ဗုဒ္ဓအလိုတော်ကျဖြစ်ခြင်း၊ ဝါဆိုချိန်ရောက်တိုင်း ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကိုအကြောင်းပြု၍ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ခွင့်ရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခွင့်ရရှိခြင်းတို့က ကောင်းမြတ်သည့်အခွင့်ကောင်း၊ အစဉ်အလာကောင်းများကို ထိန်းသိမ်းရာရောက်သကဲ့သို့ ရည်ရွယ်သတ်မှတ်ထားသည့်အချိန်အခါရောက်တိုင်း ဆည်းပူးအားထုတ်ရသည့်အတွက် "အာစိဏ္ဏကံ" ကုသိုလ်ကိုလည်း ဖြည့်ကျင့်ရာရောက်သည်ကို သိရှိရ**

❊ *ကျော်ဖုံးမှ*

လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖြစ်ပေါ်လာခြင်းသည် မြတ်ဗုဒ္ဓ၏သာသနာတော်အစပိုင်း **"တိစီဝရိတ်"**ဟုခေါ်သည့် သုံးထည်သော သင်္ကန်းကိုသာ ခွင့်ပြုတော်မူခြင်းမှ အဆင့်ဆင့်ပြောင်းလဲလာခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

မြတ်စွာဘုရားရှင်သည် သံဃာ့အဖွဲ့အစည်းကြီးကို စတင်တည်ထောင်စဉ်က အရိယာသံဃာတော်များနှင့်သာ စတင်တည်ထောင်ခဲ့ပြီး သာသနာအစောပိုင်းကာလတွင် ရဟန်းတော်များ ဝတ်ရုံသုံးစွဲရန်အတွက် **"တိစီဝရိတ်"** ဟုခေါ်သည့် သုံးထည်သော သင်္ကန်းကိုသာ ခွင့်ပြုတော်မူခဲ့ကြောင်း။

ရဟန်းတော်များ ဝါဆိုဝါကပ်ရန် မြတ်စွာဘုရားရှင် သတ်မှတ်ခွင့်ပြုပေးတော်မူခဲ့သောကာလမှာ မိုးတွင်းကာလဖြစ်သည့်အတွက် ရဟန်းတော်များအနေဖြင့် မိမိတို့သီတင်းသုံးရာ ကျောင်းတိုက်တာနှင့် ညဥ့်ကင်း၍ ခရီးထွက်ခွာခြင်း မပြုရန်၊ အကယ်၍ မဖြစ်မနေ ခရီးသွားရမည့်ကိစ္စရှိပါကလည်း ဝါပန်၍ သွားရောက်ရန် စသည်ဖြင့် သိက္ခာပုဒ်များ ပညတ်တော်မူခဲ့သည်ကို သိရှိရကြောင်း။

ထိုမိုးတွင်းကာလအတွင်း ကျောင်းတိုက်တာပြင်ပဖြစ်သည့် မြို့ရွာအတွင်းသို့ သွားရမည့်ကိစ္စ၊ ခရီးဝေးသွားရမည့်ကိစ္စတို့ ပေါ်ပေါက်၍ သွားလာရသည့်အခါ ခရီးသွားလာရင်း မိုးစို မိုးမိခဲ့ပါက ရေစိုသင်္ကန်းအား ခြောက်သွေ့သည့် အပိုသင်္ကန်းဖြင့် လဲလှယ်ဝတ်ရုံရန် အပိုသင်္ကန်းထားရှိခွင့်နှင့် မိုးရွာစဉ် မိုးရေချိုးသည့်အခါ၌လည်း ရေစိုခံမည့်မိုးရေခံသင်္ကန်းချုပ်ဆိုးခွင့်၊ ဝတ်ရုံခွင့်တို့ကို ထိုစဉ်က မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူခြင်းမရှိသေးသည့်အတွက် မိုးရေခံသင်္ကန်းနှင့် စပ်လျဉ်း၍ ရဟန်းတော်များ အခက်အခဲဖြစ်မှုကိုသိရှိသည့် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါက ဘုရားရှင်ထံ **"မိုးရေခံသင်္ကန်း"** လှူဒါန်းခွင့် လျှောက်ထားခဲ့ရာ မြတ်စွာဘုရားရှင်က မိုးရေခံသင်္ကန်း အလှူခံသုံးစွဲခွင့်ကို ဝိနည်းသိက္ခာပုဒ် နှစ်ခုပညတ်၍ သုံးစွဲရမည့်ကာလနှင့် အတိုင်းအတာအရွယ်အစား ပမာဏတို့ကို ခွင့်ပြုပေးတော်မူခဲ့ကြောင်း။

**မွန်မြတ်သည့်အလှူဒါနဟု ခေါ်ဆိုရမည်**

မိုးရေချိုးသောအခါတွင် အသုံးပြုရန် မိုးရေခံသင်္ကန်းလှူဒါန်းခဲ့ကြသော်လည်း နောင်တွင် မိုးရာသီဖြစ်သော ဝါတွင်းသုံးလတွင် ဝါဆိုဝါကပ်တော်မူကြသော ရဟန်းတော်တို့အား လှူဒါန်းကြသည့်အတွက် **"ဝါဆိုသင်္ကန်း"** ဟု ပြောင်းလဲခေါ်ဝေါ်သုံးစွဲလာကြကြောင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံသူ/ နိုင်ငံသားတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် ဝါဆိုပွဲတော်သည် ထုံးတမ်းအစဉ်အလာတစ်ရပ်အနေဖြင့် တည်ရှိလာခဲ့ပြီး ဝိနည်းတရားတော်နှင့်အညီ လှူဒါန်းခွင့်ရရှိခြင်း၊ ကာလဒါနဖြစ်ခြင်းတို့ကြောင့် မွန်မြတ်သည့်အလှူဒါနဟု ခေါ်ဆိုရမည်ဖြစ်ကြောင်း။

မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူအပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့အနက် ဝါတွင်းကာလအတွင်း သင်္ကန်းဖြင့် မပင်ပန်းကြစေရန် လှူဒါန်းကြရခြင်းဖြစ်သည့်အတွက် သင်္ကန်းလှူဒါန်းကြရသူများ အနေဖြင့် **"ရွှေရောင် အဆင်း၊ ညစ်ကြေးကင်း၍၊ ပြေပြစ်ခန့်ညား၊ ရှိန်အဝါနဲ့၊ ကမ္ဗလာစ, သား၊ ဝတ်ထည်များကို၊ ဆင်မြန်းရခြင်း"** စသော အကျိုးထူးများ ခံစားရရှိနိုင်ပြီး ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝါဆိုချိန်ရောက်တိုင်း ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းတို့ကို အစဉ်အမြဲလှူဒါန်းကြသည့် ကာလဒါနကုသိုလ်ဖြစ်ခြင်းကြောင့် **"သောတာပန်နှယ်၊ ဂုဏ်ရည်ကြွယ်၍၊ လေး၀,ပါယ်ဘေး၊ လွတ်ကင်းဝေး"** နိုင်ကြောင်းကိုလည်း ကျမ်းဂန်အဆိုအမိန့်များအရ သိရှိရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပြီး သက်တော်ရှည် သံဃာ့ဥသျှောင် ဆရာတော်ကြီးများကို နှစ်စဉ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းသည် မြတ်စွာဘုရားရှင်က မိုးရေခံသင်္ကန်း(ဝါဆိုသင်္ကန်း)ဆက်ကပ်ရန် ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးတော်မူခဲ့သည့်အတွက် ဗုဒ္ဓအလိုတော်ကျ ဖြစ်ခြင်း၊ ဝါဆိုချိန်ရောက်တိုင်း ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို အကြောင်းပြု၍ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ခွင့်ရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခွင့်ရရှိခြင်းတို့က ကောင်းမြတ်သည့်အခွင့်ကောင်း၊ အစဉ်အလာကောင်းများကို ထိန်းသိမ်းရာရောက်သကဲ့သို့ ရည်ရွယ်သတ်မှတ်ထားသည့် အချိန်အခါရောက်တိုင်း ဆည်းပူးအားထုတ်ရသည့်အတွက် **"အာစိဏ္ဏကံ"** ကုသိုလ်ကိုလည်း ဖြည့်ကျင့်ရာရောက်သည်ကို သိရှိရကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီးများ၊ ဒေသခံဆရာတော်များဖြစ်သည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒစရိယဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်များကို ပင့်ဆောင်မည်ဖြစ်သည်ကို သိရှိရကြောင်း။

**အထူးအလေးထားဆောင်ရွက်**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများကို ရန်ကုန်မြို့မှ နေပြည်တော်သို့ ပင့်ဆောင်ရာတွင် လေယာဉ်ဖြင့်သာ ပင့်ဆောင်သွားရန်နှင့် လေဆိပ်နှင့် သံဃာရာမကျောင်းဆောင်သို့ ကြိုဆိုပင့်ဆောင်ရာတွင်ဖြစ်စေ၊ ဒေသခံဆရာတော်ကြီးများအား ကြိုဆိုပင့်ဆောင်ရာတွင်ဖြစ်စေ၊ အဆင်ပြေချောမွေ့စေရေးနှင့် လမ်းကြောင်းလုံခြုံရေးကအစ အထူးအလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ညကျိန်းစက်အမီ ကြွရောက်လာကြသည့် ဆရာတော်ကြီးများကို သံဃာရာမ ကျောင်းဆောင်များတွင် စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေး စီစဉ်ပေးရန်နှင့် ဝေယျာဝစ္စဆောင်ရွက်ကြမည့် ကပ္ပိယကာရကများကိုလည်း စနစ်တကျ တာဝန်ပေးအပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

အထူးမှာကြားလိုသည်မှာ ဆရာတော်ကြီးများအား လာရောက်ဖူးမြော်ကြမည့် ဧည့်သည်အဝင်/အထွက်ကိုလည်း လုံခြုံရေးအရ စနစ်တကျစိစစ်ကြပ်မတ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဝင်/ထွက်သွားလာရေး စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၁၀/ ၂၀၂၃) ဖြင့် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သကဲ့သို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့်လည်း အခမ်းအနားဆိုင်ရာလုပ်ငန်းများကို စနစ်တကျ တာဝန်ခွဲဝေဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ ၁၁ ခုကိုလည်း ဖွဲ့စည်းထားပြီးဖြစ်သည်ကို သိရှိရကြောင်း။

**လုပ်ငန်းတာဝန်များ သတ်မှတ်ပေးထား**

ယခုကဲ့သို့ ဆောင်ရွက်ရမည့်လုပ်ငန်းများအလိုက် ဆပ်ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးထားပြီးဖြစ်သည့်အတွက် ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို လစ်ဟာမှုမရှိစေရန် စေ့စပ်သေချာစွာ အပြန်အလှန်ညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အခမ်းအနားကျင်းပမည့် နေ့ရက်မတိုင်မီနှင့် အခမ်းအနားနေ့တို့တွင် ဆရာတော်ကြီးများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ရာတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ဆွမ်း၊ ဟင်းလျာများဖြစ်ရန်အတွက် သက်ဆိုင်ရာဆပ်ကော်မတီများက ကျန်းမာရေးဆပ်ကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အခမ်းအနားတွင် ဆရာတော်ကြီးများ၏ သီလချီးမြှင့်ခြင်းနှင့် အနုမောဒနာတရား ချီးမြှင့်ခြင်းတို့တွင် အသံစနစ်ကောင်းမွန်စေရေးအတွက် လိုအပ်သည့်စစ်ဆေးစမ်းသပ်မှုတို့ကို ကြိုတင်စစ်ဆေးထားရမည်ဖြစ်ကြောင်း၊ အရေးကြီးဆုံးအနေဖြင့် လုံခြုံရေးနှင့်စပ်လျဉ်း၍ ရှုထောင့်စုံ၊ ဘက်ပေါင်းစုံ ရှုမြင်သုံးသပ်ကာ အထူးအလေးအနက်ထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့်အခမ်းအနားများ ကျင်းပရာတွင် တွေ့ကြုံရသည့်အားနည်းချက်များကိုပြုပြင်ပြီး အားသာချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားလိုကြောင်း။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နှစ်စဉ်ကျင်းပ ပြုလုပ်နေကျဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းအတွေ့အကြုံရှိပြီးဖြစ်ကြောင်း၊ သို့ရာတွင် လုပ်ငန်းများဆောင်ရွက်သည့် နေရာတွင် လစ်ဟင်းမှုမရှိစေရေး၊ သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် စနစ်တကျပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့်အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြမည့် သက်တော်ရှည်ဆရာတော်ကြီးများ ပင်ပန်းခြင်းမရှိ အခမ်းအနားတက်ရောက်နိုင်ရေး၊ ကျိန်းစက်အနားယူနိုင်ရေးနှင့် စိတ်ချမ်းသာကိုယ်ချမ်းသာ နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများအနေဖြင့် စနစ်တကျစီမံဆောင်ရွက်ပေးကြရန်နှင့် ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ယင်းနောက် ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ အဖွဲ့ဝင်ဒုတိယဝန်ကြီး ဒေါ်နုမြဲ့ က အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများပြင်ဆင်ရေးနှင့်ဆက်ကပ်ရေးဆပ်ကော်မတီ၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာအခင်းအကျင်းများ ပြင်ဆင်ရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သဒ္ဓါဖြူဖွေး ဓလေ့သွေး ပေးလှူမကွာ တို့မြန်မာ

*မင်းထွဋ်ခေါင်(ရာမည)*

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် မြန်မာလူမျိုးများသည် အလှူရေစက် လက်နဲ့မကွာဟုဆိုသည့်အတိုင်း ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် အလေးထားဆောင်ရွက်ကြသူများဖြစ်သည်။ ထို့အပြင် ညောင်စေ့လောက်လှူ ညောင်ပင်လောက်ရ ဟူသည့် ဆိုထုံးကို စိတ်ဝယ်သွင်းကာ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ပွားများကြသူများလည်း ဖြစ်ကြ၏။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် မြတ်စွာဘုရား၏ ကိုယ်ပွားရုပ်ပွားတော်ကို ကိုးကွယ်ခွင့်ပြုခဲ့သည့် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီများကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ဘာသာရေးနှင့်သော် လည်းကောင်း၊ လူမှုရေးအတွက်သော် လည်းကောင်း အလှူအတန်းနှင့် ပတ်သက်လာပါက တွန့်ဆိုင်းနေသူများ မဟုတ်ကြပါချေ။

**မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်**

ယခုဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ၇ ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည်ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာ တည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ထားပူဇော်ခဲ့သည်မှာ လုပ်ငန်းများ မကြာမီ ပြီးစီးတော့မည်ဖြစ်ပါသည်။ ဌာပနာ သွင်းလှူပူဇော်ခြင်း အခမ်းအနားများမှ ပြည်တွင်း ပြည်ပ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုပမာဏများကို မြင်တွေ့ရချိန်တွင် ရင်ဝယ်တစိမ့်စိမ့်ပီတိများနှင့် သာဓုအနုမောဒနာ ခေါ်ဆိုခဲ့မိပါသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနား တက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှင်းလင်းပြသစဉ်။ (၂၉ – ၆–၂၀၂၃ ရက်)

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာတော့မည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသခြင်း အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအခမ်းအနားတွင် သာသနာနုဂ္ဂဟဘွဲ့ရပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်း ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သမိုင်းအကျဉ်းဖြစ်စဉ်အား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထိုသို့ရှင်းလင်းပြသခြင်းမှာ တက်ရောက်လာကြသော ထိုဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာ အားဖြင့်သော်လည်းကောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လည်းကောင်း တိုးတက်မှုရှိရန် ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသည့် လူပုဂ္ဂိုလ်များ ဖြစ်ကြသောကြောင့် ဖြစ်ပါသည်။

- **သာသနာနုဂ္ဂဟဘွဲ့ရပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်း ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သမိုင်းအကျဉ်းဖြစ်စဉ်အား ရှင်းလင်းပြောကြား**
- **တက်ရောက်လာကြသော ထိုဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာအားဖြင့်သော်လည်းကောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်းကောင်း တိုးတက်မှုရှိရန် ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသည့် လူပုဂ္ဂိုလ်များဖြစ်ကြသောကြောင့်ဖြစ်**

**ဗုဒ္ဓမြတ်စွာဘုရား၏ အရိပ်အာဝါသအောက်တွင် အေးချမ်းပျော်ရွှင်စွာနေထိုင်နိုင်ရေး**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရည်ရွယ်ချက် (၄) ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ထိုရည်ရွယ်ချက်များမှ နိုင်ငံတော်သာယာဝပြောမှုရှိစေရန်ဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်ရမည်၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အားလုံးအေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာနေထိုင်နိုင်ရေး ဖြစ်သည်ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။ **နိုင်ငံတော်ဝန်ကြီးချုပ်၏ ရှင်းလင်းမှုတွင် ကျောက်တုံးတော်ကြီး စတင်တွေ့ရှိချိန်မှ လက်ရှိအချိန်ထိ အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကြားမှ ကြိုးစားဆောင်ရွက်ခဲ့ရမှုတို့ကို အသေးစိတ်ရှင်းလင်းခဲ့ရာ** အချိန်အားဖြင့် နှစ်နာရီနီးပါးကြာမြင့်ခဲ့ပါသည်။ ဧည့်ပရိသတ်တို့အနေဖြင့် ရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့် အံ့သြဖွယ်၊ မထင်မှတ်ဖွယ် အခက်အခဲများ ကျော်ဖြတ်ခဲ့ရပုံများကို ရုပ်ပုံများ၊ Vedio Clip များဖြင့် တွေ့မြင်ရသည်မှာ အချိန်ကုန်မှန်းမသိအောင်ပင် စိတ်ဝင်စားဖွယ် ဖူးမြော်ကြည်ညိုခဲ့ရတယ်လို့ ဆိုကြပါသည်။ ရှင်းလင်းပြသပြီးချိန်တွင် မူလအစီအစဉ်တွင်မပါဝင်သည့် အလှူငွေပါဝင်လှူဒါန်းလိုကြောင်းကို ဧည့်ပရိသတ်အချို့က ကမ်းလှမ်းရာမှ အလှူငွေပေးအပ်ပွဲအစီအစဉ်ကို ကြားဖြတ်အနေနဲ့ ရုတ်တရက် စီစဉ်ခဲ့ရကြောင်းကိုလည်း တွေ့မြင်ခဲ့ရပါသည်။

အလှူရှင် ဧည့်ပရိသတ်များက အလှူငွေများကို သဒ္ဓါယိုဖိတ်ကြည်ညိုစိတ်ဖြင့် ရွှင်လန်းဝမ်းမြောက်စွာ ထည့်ဝင်လှူဒါန်းကြသည်မှာ အလှူငွေ ၁၆ ဒသမ ၁၇၇ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။

စာရေးသူအနေဖြင့် ထိုအလှူရှင်များ၏ ထက်သန်သော သဒ္ဓါတရားကို ကြည်နူးစိတ်ပွားလျက် သာဓုအကြိမ်ကြိမ် ကြည်ကြည်နူးနူး ခေါ်ဆိုမိခဲ့ပါသေးသည်။

မေလအတွင်း ဖြစ်ပွားခဲ့သော မိုခါဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပေါ်မှုကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရသော ပြည်သူများအတွက်လည်း ပထမကြိမ် မေလ ၁၅ ရက်တွင် ငွေကျပ်သိန်းပေါင်း ၁၃၁၈၁၀၊ မေလ ၂၀ ရက်တွင် အလှူငွေများ ထပ်မံပေးအပ်ခဲ့ရာ စုစုပေါင်းအနေဖြင့် ငွေကျပ် ၈၇၁၇၅၃၉၅၀၀၊ ထိုင်းဘတ်ငွေ ၁ သန်း၊ ကျပ်သိန်း ၁၅၀၀၀ တန်ဖိုးရှိ သွပ်ချပ်ရေ ၁ သိန်းနှင့် ဆက်စပ်အိမ်မိုးပစ္စည်းများ၊ ယွမ် ၁ သိန်းနှင့်ညီမျှသည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် ရေသန့်များကို လက်ခံရရှိခဲ့ပါသည်။ နောက်ပိုင်းတွင်လည်း ဆက်၍ ဆက်၍ လှူဒါန်းခဲ့ကြပါသေးသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ရန်ပုံငွေဖျော်ဖြေပွဲများကျင်းပ၍လည်း လှူဒါန်းနိုင်ရေး ကြိုးပမ်းအားထုတ်ခဲ့သည်ကို အားလုံး မြင်တွေ့ရကြရမည်ဖြစ်ပေသည်။ ထိုရရှိသော အလှူငွေများနှင့် အိမ်သုံးပစ္စည်းများ၊ အစားအသောက်များအား မဆိုင်းမတွပင် ခွဲဝေပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် “ပြည်တွင်း ပြည်ပမှလှူဒါန်းသည့် အလှူငွေများနှင့် ပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများ တစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး ကူညီဆောင်ရွက်သွားမည်” ဟုလည်း အတိအလင်း ပြောကြားခဲ့သည်ကို ရုပ်မြင်သံကြားတွင် ကြားသိခဲ့ရသကဲ့သို့ နိုင်ငံပိုင် သတင်းစာများတွင်လည်း ဖတ်ရှုခဲ့ရပါသည်။

**“တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ဖြစ်ပေါ်လာသော သာသနိကအဆောက်အဦများ၊ ရုပ်ပွားတော်မြတ်ကြီး၏ ရုပ်လုံးတော်များမှာ ခမ်းနားကြီးမြတ်စွာ ထွက်ပေါ်လာပြီဖြစ်ရာ ပီတိအလှူကို ပေးဆပ်သူနှင့် ခံယူသူတို့သာ သိနိုင်မည်ဖြစ်ပြီး ဘာသာ၊ သာသနာအတွက် ဂုဏ်ယူစိတ်၊ ထိန်းသိမ်းလိုစိတ်၊ နောင်လာနောက်သားတို့ ယခုထက်တိုး၍ အလေးထားရလေအောင် လမ်းကြောင်းပေးရမည့် တာဝန်မှာ မိမိတို့တွင်ရှိနေပြီ”**

### ရုပ်ပွားတော်မြတ်ကြီးအား အများပြည်သူတို့ ဖူးမြော်စေလိုသော ဆန္ဒမွန်

ဘာသာ သာသနာကို စည်ပင်ပြန့်ပွားတိုးတက်စေရေးအတွက် သဒ္ဓါကြည်လင်စွာဖြင့် ကုသိုလ်ရှင်များက ကျောက်တုံးတော်ကြီးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက် (၄) ရပ်နှင့်အညီ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားချိန်တွင် တစ်ဆက်တည်းဆိုသလို ဗုဒ္ဓဥယျာဉ်တော်အတွင်းတွင်လည်း အခြားသော ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များကိုပါ တည်ဆောက်ခဲ့ပြီး ပိဋကတ်သုံးပုံကိုလည်း ပါဠိအက္ခရာ၊ Romanize Language ဖြင့် ကျောက်စာချပ်များရေးထိုးနိုင်ရေးကိုပါ ဆောင်ရွက်ခဲ့ကြပါသည်။ ကျောက်တုံးတော်ကြီး စတင်တွေ့ရှိပြီးချိန်မှသည် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် “တစ်နေ့ တစ်လံ ပုဂံ ဘယ်ရွှေ့” ဟူသည့်အတိုင်း ဦးဆောင်မှုကောင်းများဖြင့် နေ့မအား ညမနား တည်ဆောက်ခဲ့သည်မှာ အလွန်သပ္ပာယ်တင့်တယ်ဖွယ်ဖြစ်သော ရုပ်ပွားတော်မြတ်ကြီးအား အများပြည်သူတို့ မြန်သည်ထက်မြန်စွာ ဖူးမြော်စေလိုသော ဆန္ဒမွန်ပင်ဖြစ်ပေသည်။

ရုပ်ပွားတော်မြတ်ကြီး၏ တင့်တယ်သပ္ပာယ် ကြည်ညိုဖွယ် ရုပ်လုံးပေါ်လာမှုများအား ဝမ်းမြောက်ပီတိဖြစ်မဆုံးသည့် အကြီးအကဲအနေဖြင့် တစ်ဦးတည်းမခံစားလိုသဖြင့် “အစားကောင်းစားလျှင် မိတ်ဆွေကောင်းကို သတိရသည်” ဟူသကဲ့သို့ ဝမ်းမြောက်ပီတိအရသာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထေရ်ကြီး၊ ဝါကြီး သံဃာတော်အရှင်မြတ်ကြီးများအား ပင့်လျှောက်ဖူးမြော်စေခဲ့ပါသည်။ အချို့သံဃာတော်ကြီးများမှာ အသက်အရွယ်အရ ကျန်းမာရေးခက်ခဲသော်လည်း ခရီးအတန်တန်ဖြင့် ရောက်အောင် လာရောက်ဖူးမြော်ကြသည်ကိုလည်း သတင်းများတွင် ဝေဝေဆာဆာဖူးမြင်ခဲ့ရသဖြင့် စာရေးသူတို့ သာဓုအကြိမ်ကြိမ် ခေါ်ဆိုခဲ့မိပါသည်။ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တာဝန်များများပြားလှသည့်ကြားမှပင် လုပ်ဖော်ကိုင်ဖက် ပြည်ထောင်စုဝန်ကြီးများ အပါအဝင် အစိုးရအဖွဲ့ဝင်များကိုလည်း ကုသိုလ်စိတ်များ ရစိမ့်သောငှာ အခါအားလျော်စွာ ခေါ်ယူပြသခဲ့ပါသည်။ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ဖြစ်ပေါ်လာသော သာသနိကအဆောက်အဦများ၊ ရုပ်ပွားတော်မြတ်ကြီး၏ ရုပ်လုံးတော်များမှာ ခမ်းနားကြီးမြတ်စွာ ထွက်ပေါ်လာပြီဖြစ်ရာ ပီတိအလှူကို ပေးဆပ်သူနှင့် ခံယူသူတို့သာ သိနိုင်မည်ဖြစ်ပြီး ဘာသာ၊ သာသနာအတွက် ဂုဏ်ယူစိတ်၊ ထိန်းသိမ်းလိုစိတ်၊ နောင်လာနောက်သားတို့ ယခုထက်တိုး၍ အလေးထားရလေအောင် လမ်းကြောင်းပေးရမည့်တာဝန်မှာ မိမိတို့တွင်ရှိနေပြီဟူသော အတွေးများ အစိုးရအဖွဲ့ဝင်များ၏ နှလုံးအိမ်တွင် ရှင်သန်နေစေခဲ့ပြီဖြစ်ပါသည်။

**❑ အလှူရှင်ဧည့်ပရိသတ်များက အလှူငွေများကို သဒ္ဓါယိုဖိတ်ကြည်ညိုစိတ်ဖြင့် ရွှင်လန်းဝမ်းမြောက်စွာ ထည့်ဝင်လှူဒါန်းကြသည်မှာ အလှူငွေ ၁၆ ဒသမ ၁၇၇ ဘီလီယံအထိရရှိ**

### ပြည့်ဝမ်းနှင့်တူသော ပုဂ္ဂိုလ်များအား ချီးမြှင့်မြှောက်စားပေးခြင်းသာဖြစ်

ပျားပန်းခပ်မျှသော ပြည်တွင်းတတ်သိပညာရှင်အပေါင်းနှင့် ပြည်သူလူထု၏ လုပ်အားဒါနတို့ဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာ မကြာမီ တင့်တယ်သပ္ပာယ်စွာ ပြီးမြောက်ပေါ်ထွန်းလာတော့မည်ဖြစ်ပါသည်။ ဥယျာဉ်မှူးသည် ပျိုးပင်များ တစ်စတစ်စရှင်သန်ပွင့်လန်းလာပုံကို မြင်ရသည့်အခါ မိမိနှင့် နီးစပ်ရာ မိတ်ကောင်းဆွေကောင်းတို့ကို ခံစားစေလိုသည်၊ မုဒိတာပွားစေလိုသည်။ မင်းတို့၏ နဝရတ် ၉ ပါးဟုဆိုသည့်အထဲတွင် သူဌေးသူကြွယ်တို့သည် ပြည်၏ ဝမ်းဗိုက်ဖြစ်သည်ဟု တင်စားကြပါသည်။ ပြည့်ဝမ်းအပါအဝင် အခြားသောအရာများကို မချိုးဖျက်မဖျက်ဆီးရာဟု အဆုံးအမရှိခဲ့ပါသည်။ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုကဲ့သို့ ပြသခြင်းမှာ ပြည့်ဝမ်းနှင့်တူသော ပုဂ္ဂိုလ်များအား ချီးမြှင့် မြှောက်စားပေးခြင်းသာဖြစ်၏။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရင်မှဖြစ်သော ပီတိသောမနဿအဟုန်တို့ဖြင့် စီစဉ်ညွှန်ကြားခဲ့မှုများကြောင့် သာသနာ့ရုပ်လုံးရုပ်ကြွကောင်း ဖြစ်ပေါ်လာအောင် ကိုယ်နှင့် စိတ်ကိုနှစ်၍ တည်ဆောက်နေသော အဖွဲ့အစည်းတို့၏ လုပ်အားသည် ရာနှုန်းပြည့်နီးပါး ပေါ်လာတော့မည်ဖြစ်ပေသည်။

ပို၍ ဂုဏ်ယူပီတိဖြစ်ဖွယ် ကောင်းသည်ကား တပ်မတော်သားအင်ဂျင်နီယာများနှင့် ပြည်တွင်း အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာတော့မည် ဖြစ်ခြင်းပင်ဖြစ်၏။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ ဗုဒ္ဓဥယျာဉ်အတွင်းသို့ ရောက်သွားချိန်တွင် ငယ်စဉ်က သင်ကြားခဲ့ရသည့် “ဘုံဝတီသာ နန္ဒာပေလော၊ တူစွဟုတ္တာ” ဟူသည့် မြကန်သာ ကဗျာလေးကိုပင် သတိရမိပါသည်။ ကျွန်တော်အပါအဝင် ပြည်သူအပေါင်းတို့ လှူဒါန်းခဲ့ကြသော အသပြာအနည်းငယ်သည် ယခုကဲ့သို့ ကမ္ဘာ့အမြင့်ဆုံး ထိုင်တော်မူ စကျင်ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အလှူရှင်ဖြစ်ပြီတကားဟု ဝမ်းမြောက်မိပါသည်။ သတင်းမှတ်တမ်းများတွင် အလှူကြီးပေးဖို့ရာ တန်းစီနေကြသော ပြည့်ဝမ်းနှင့်တူသည့် ပုဂ္ဂိုလ်များ၏ မျက်နှာအသီးသီးတွင် ပီတိစိတ်နှင့် ဤသာသနာ့မှတ်တမ်းကြီး မစိုက်ထူမီ မိမိတို့လှူဒါန်းခွင့်ရလိုက်လေပြီဟူသော စိတ်ထားတို့ကိုလည်း မြင်နေရသဖြင့် အလှူရှင်တို့ကိုယ်စား ဝမ်းမြောက်မိပါသည်။ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တကွ ၇ ရက်သားသမီးများ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့၏ စုပေါင်းလှူဒါန်းမှုများဖြင့် မကြာမီ မြန်မာကရော ကမ္ဘာကပါ ဖူးမြော်နိုင်တော့မည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စိတ်ဝယ်ဦးခိုက်ရင်း လှူဒါန်းမှု အစုစုတို့အတွက် ဝမ်းမြောက် ပီတိစိတ်နှင့်အတူ **“သဒ္ဓါဖြူဖွေး ဓလေ့သွေး ပေးလှူ မကွာ တို့မြန်မာ”** ဟုသာ နှုတ်ဖျားဝယ် ရေရွတ်မိပါတော့သည်။ ။

## SIM Card များ စနစ်တကျ မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း(၃၀)အတွင်း မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို(SMS)များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များ ရရှိပြီး ရက်ပေါင်း (၃၀)အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား One Way Block (အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှု ရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ One Way Block ဆောင်ရွက်ထားသည့်အချိန်မှစ၍ ရက်ပေါင်း (၉၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည် ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ချမ်းမြေ့ဇေယျာကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အနန်းပင်တောရ ကျောင်းတိုက်နှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ သာယာကုန်း ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဓမ္မဝါသီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ သစ္စာရောင်ခြည် ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နေထွက်ဂူကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဖားအောက်တောရ (ပင်မ) သာသနာ့ရိပ်သာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မဏိရတနာ ကျောင်းတိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဏ္ဏာမီဂုဏ်ဝေ သီလရှင်ပရိယတ္တိ စာသင်တိုက်ရှိ သီလရှင် အပါး ၄၀၀ ကျော်အတွက် ဆွမ်းဆန်နှင့် ဆီ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၅**

နယ်စပ်ဒေသတိုင်းရင်းသား သီလရှင်များ အပါအဝင် သီလရှင် အပါး ၄၀၀ ကျော် သီတင်းသုံးနေသည့် နေပြည်တော် လယ်ဝေးမြို့ ပုဏ္ဏာမီဂုဏ်ဝေ သီလရှင်ပရိယတ္တိ စာသင်တိုက်ရှိ သီလရှင်များ ဆွမ်းအခက်အခဲ မဖြစ်ပေါ်စေရန် ယနေ့တွင် ဆုလာဘ်ပိုင်ဖောင်ဒေးရှင်းက ဆွမ်းဆန်နှင့်ဆီ သွားရောက်လှူဒါန်းခဲ့သည်။

ဆုလာဘ်ပိုင်ဖောင်ဒေးရှင်းက ပုဏ္ဏာမီဂုဏ်ဝေ သီလရှင်ပရိယတ္တိ စာသင်တိုက်သို့ ဆွမ်းဆန်စိမ်း အိတ် ၁၀၀ နှင့် ဆီ ပိဿာ ၃၀ လှူဒါန်းခဲ့ကြောင်းနှင့် အဆိုပါ စာသင်တိုက်ရှိ စာသင်သီလရှင်များအတွက် တစ်နေ့လျှင် ဆန် ၂၄ ပြည် သုံးအိတ် ကုန်ကျကြောင်း၊ ပုဏ္ဏာမီဂုဏ်ဝေ သီလရှင် စာသင်တိုက်ရှိ စာသင်သီလရှင်များအတွက် လှူဒါန်းလိုသည့် သဒ္ဓါတရား ထက်သန်သော ကုသိုလ်ရှင် ပြည်သူများအနေဖြင့် ယင်းစာသင်တိုက်သို့ သွားရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး


နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာသည့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့်အဖွဲ့အား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

**တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပ**

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ဗညားလယ်နှင့် နိုင်အောင်မငေးတို့ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်အမှာစကားပြောကြား**

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြသည်။

ထို့နောက် ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့်အချက်များကို စုစည်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စနှင့် မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုကော်မတီ၏ သဘောထားများကို အပြန်အလှန် ရှင်းလင်းဆွေးနွေးကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။ ဆွေးနွေးပွဲဒုတိယနေ့ကို ဇူလိုင် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သဃ်န်းကျွန်းမြို့နယ်ရှိ Center for Vocational Training (Myanmar) နှင့် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၅**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ သဃ်န်းကျွန်းမြို့နယ်ရှိ Center for Vocational Training (Myanmar) သို့ ရောက်ရှိပြီး လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသော မြန်မာလူငယ်များကိုအသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ သင်ယူလေ့လာနိုင်ရန်နှင့် လူငယ်များ လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရေးအပြင် အသိပညာ အတတ်ပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွင့်လှစ်ပို့ချသော အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် လက်တွေ့သင်ကြားမှုဆိုင်ရာ သရုပ်ပြခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ပြင်ဆင်ဆောင်ရွက်ထားရှိ**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက CVT Myanmar အနေဖြင့် လုပ်ငန်းခွင်တွင် အသုံးချနိုင်ရန် ဘာသာရပ်ဆိုင်ရာ ပညာရပ်များအပြင် လက်တွေ့ကျသော သက်မွေးပညာရပ်များကို ပေါင်းစပ်သင်ကြားပေးသည့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်၍ လုပ်သားထုအတွက် များစွာအကျိုးရှိကြောင်းနှင့် CVT Myanmar အနေဖြင့် နားလည်မှုစာချွန်လွှာသက်တမ်းမကုန်ဆုံးမီ နားလည်မှုစာချွန်လွှာပါ အချက်အလက်များအတိုင်း ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**


မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) သို့ ရောက်ရှိရာ သင်တန်းကျောင်းတာဝန်ခံက သင်တန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် သင်တန်းဆောင်များ တည်ဆောက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်မှုသင်တန်းများကို ဒေသလိုအပ်ချက်နှင့်အညီ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချနိုင်ရေး၊ သင်တန်းဆင်းများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် သင်တန်းများ၏ အရည်အသွေး အာမခံချက်ရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဖွင့်လှစ်သော လေအေးပေးစက် တပ်ဆင်/ပြုပြင်ခြင်းသင်တန်းအမှတ်စဉ် (၂/၂၀၂၃) ၌ တက်ရောက်နေသည့် သင်တန်းသား ၂၀ အား လက်တွေ့လေ့ကျင့်သင်ကြားနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး(ဝဲပုံ) ယခုကဲ့သို့ သင်ယူမှုအခွင့်အလမ်းများ ရရှိနေချိန်တွင် သင်တန်းသားများအနေဖြင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို စနစ်တကျ ကြိုးစားသင်ယူရန်၊ လုပ်ငန်းခွင်တွင်လည်း လုပ်ငန်းဆိုင်ရာ အသိပညာ ဗဟုသုတများကို ဆက်လက်လေ့လာသွားရန်နှင့် သင်တန်းသားများ သင်တန်းပြီးဆုံးပါက အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရေး ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှု ခံယူနိုင်သည့် အခွင့်အလမ်းများရှိသဖြင့် ဝင်ရောက်ဖြေဆိုရန် တိုက်တွန်းပြောကြားပြီး သင်တန်းကျောင်း ရုံးအဆောက်အဦနှင့် သင်တန်းခန်းမများကို အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်နိုင်မည့် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**



# ကျောက်တော်မြို့နယ်၌ မုန်တိုင်းသင့်တောင်သူများအား မျိုးစပါးထောက်ပံ့ပေးအပ်

**ကျောက်တော် ဇူလိုင် ၅**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ မိုခါမုန်တိုင်းကြောင့် လေဘေးသင့်တောင်သူများအား မျိုးစပါးထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့မှ ဗိုလ်မှူးချုပ်အောင်သူဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်သန့်အောင်က နိုင်ငံတော်က ထောက်ပံ့သည့် မျိုးစပါးပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယခုရရှိသော မျိုးစပါးများကို တောင်သူများလက်ဝယ်သို့ ရောက်ရှိနိုင်ရေး၊ အချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် လိုအပ်ပါက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးကွင်းဆင်းဝန်ထမ်းများက ပူးပေါင်းပါဝင်လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူများအား မျိုးစပါးများကို ထောက်ပံ့ပေးအပ်သည်။ (ဝဲပုံ) ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ပေါ်ဆန်းရင်မျိုးစပါး တင်း ၁၀၀၊ နံ့ထောက် တင်း ၁၀၀၊ GW-11 တင်း ၁၀၀၊ ကြားပျံ တင်း ၁၀၀ စုစုပေါင်းတင်း ၄၀၀ ကို ကျေးရွာအုပ်စု ငါးအုပ်စု၊ တောင်သူ ၉၇ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြူဖြူဝင်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း China-ASEAN Sub-Forum on NEV Industry Cooperation အခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့၌ ကျင်းပလျက်ရှိသော China- ASEAN Forum on Emerging Industry သို့ တက်ရောက်နေသည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Parallel Forum ဖြစ်သော China - ASEAN Sub-Forum on NEV Industry Cooperation အခမ်းအနားသို့ တက်ရောက်သည်။ (ယာပုံ)






### ရှင်းလင်းဆွေးနွေး

ဆွေးနွေးပွဲ၌ တရုတ် - အာဆီယံ စက်မှုဝန်ကြီးများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို လိုက်ပါဆောင်ရွက်သွားခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွင် လိုအပ်သော ထွန်းသစ်စ စက်မှုလုပ်ငန်းများအတွက် အခြေခံကောင်းများရရှိနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ကားများတွင် လိုအပ်သော Charging Station များနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် အသိပညာမျှဝေခြင်းများနှင့် လျှပ်စစ်ကားများ ထုတ်လုပ်ရောင်းချဖြန့်ဖြူးရာတွင်လည်း ကောင်းမွန်သော ဝန်ဆောင်မှုများပေး၍ ဆောင်ရွက်နေကြောင်းနှင့် လျှပ်စစ်ကားများအတွက် လက်ရှိစီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် နည်းပညာနှင့် ပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးကြသည်။

### အကျယ်တဝင့် လေ့လာသိရှိခဲ့ရ

အဆိုပါဖိုရမ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အာဆီယံနိုင်ငံများ၏ လျှပ်စစ်အသုံးပြုမော်တော်ယာဉ်များ (EV) အတွက် နှစ်ရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်နေမှုအခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် လျှပ်စစ်အသုံးပြု မော်တော်ယာဉ်များ တင်ပို့ရောင်းချမှုသည် ကမ္ဘာတွင် ပထမအဖြစ်ရပ်တည်နေမှုအခြေအနေ၊ Charging Station များ တည်ဆောက်မှုနှင့် Charging ဆောင်ရွက်မှုနည်းပညာရပ်များကို အကျယ်တဝင့် လေ့လာသိရှိခဲ့ရကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# လူမှုရေးဆိုင်ရာ အသိပညာမြင့်မားရေးသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၅**



လူမှုရေးဆိုင်ရာ အသိပညာမြင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုရေးကဏ္ဍသည် အလွန်အရေးကြီးသကဲ့သို့ နက်နဲခက်ခဲသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ လူမှုရေးကိစ္စများကို ဆောင်ရွက်နေသူများသည် လူမှုရေးဆိုင်ရာ နည်းပညာရပ်များကို ကျွမ်းကျင်ရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သော ပေါင်းသင်းဆက်ဆံရေး ရှိရန် လိုအပ်သည့်အပြင် လုပ်ဖော်ကိုင်ဖက် အချင်းချင်းအပေါ်တွင်လည်း မေတ္တာတရားအရင်းခံပြီး ဖေးမကူညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ရသည့်အတွက် လူမှုရေးနယ်ပယ်အတွင်း တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုသည့်အခါတွင် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် စည်းကမ်းတို့ကို သိရှိနားလည်ရန် လိုအပ်ကြောင်း၊ လူမှုရေးပညာရပ်၏ အဓိက အနှစ်သာရဖြစ်သည့် လူမှုဝန်ထမ်းသမားတစ်ဦး အနေဖြင့် မိမိကိုယ်တိုင် ခံယူချက်တို့ကို ပြောင်းလဲနိုင်မှသာ မိမိတို့ ဝန်ဆောင်မှုပေးရသူ (Client) အတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုကောင်းတို့ကို ပံ့ပိုးပေးနိုင်မည် ဖြစ်ကြောင်း၊ သင်တန်း တက်ရောက်မည့် ဝန်ထမ်းများအနေဖြင့် ယခုသင်တန်းမှ လေ့လာသိရှိရသည့် အသိပညာ၊ အတတ်ပညာများကို ပြည်သူလူထုအတွက် ဝန်ဆောင်မှုပေးနိုင်ရန်အပြင် ဝန်ထမ်းအချင်းချင်း ပိုမိုချစ်ခင်ရင်းနှီးစွာ လက်တွဲ၍ အားလုံးအတွက် သာယာပျော်ရွှင်ဖွယ်ကောင်းသည့် လုပ်ငန်းခွင်ကို ဖန်တီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

လူမှုရေးဆိုင်ရာ အသိပညာမြင့်မားရေးသင်တန်းတွင် လူမှုရေးဆိုင်ရာ တန်ဖိုးနှင့်စံနှုန်းများ၊ လူမှုရေးဆိုင်ရာ ကျင့်ဝတ်တရား၊ ကျား/မ တန်းတူညီမျှရေးဆိုင်ရာ လူမှုရေးစံနှုန်းများ၊ လူ့တန်ဖိုး၊ ဝန်ထမ်းကျင့်ဝတ်နှင့် စည်းမျဉ်းများ၊ ထိရောက်မှုရှိသော ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် သင်ခန်းစာတို့ကို ဘာသာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များက ဇူလိုင် ၅ ရက်မှ ၆ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း(နေပြည်တော်)၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင် ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ အောက်ရှိ ဌာန၊ အဖွဲ့အစည်းများမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၄၀ တက်ရောက်ကြပြီး သင်တန်းတွင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသိကောင်းစရာများ၊ အခွန်ပေးဆောင်ရာ၌ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ အခွန်ကိစ္စရပ်များ၊ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ပြည်ပချေးငွေနှင့် ပြည်ပအကူအညီရယူခြင်း၊ နိုင်ငံခြားငွေသုံးစွဲခြင်း၊ ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ကြွေးမြီစီမံခန့်ခွဲမှု၊ ငွေတိုက်လုပ်ငန်းဆိုင်ရာ ဘဏ္ဍာရေးသတင်းအချက်အလက်များ အစီရင်ခံရေးစနစ်၊ စာရင်းပေါင်းချုပ် ပြုစုရေးနှင့် အစီရင်ခံခြင်း၊ ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းစသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့ ပို့ချခဲ့ကြောင်းနှင့် သင်တန်းကာလ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---



သယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာ ရန်ကုန် - ပြည်လမ်းဘေးမိုင်တိုင်အမှတ် ၈၃/၆ တွင် ယမန်နေ့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိနှင့်အဖွဲ့ဝင်များက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် ဌာနဆိုင်ရာများထံ ပျိုးပင်များ ပေးအပ်ပြီး စုပေါင်းစိုက်ပျိုးစဉ်။ သန့်ဇော်(ပြန်/ဆက်)

# တွံတေးမြို့နယ် သဝန်းတောချောင်းအတွင်း ငါးမျိုးများစိုက်ထည့်ပေး

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတ ရေရှည်တည်တံ့စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် စားရေရိက္ခာ အထောက်အပံ့ဖြစ်စေရေးတို့အတွက် သဘာဝမြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးလျက်ရှိရာ ဇူလိုင် ၄ ရက် နံနက်က တွံတေးမြို့နယ် သဝန်းတောချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်လွင်၊ တွံတေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ထွဋ်၊ တွံတေးငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်မိမိခိုင်နှင့် ဝန်ထမ်းများ၊ သဝန်းတောကျေးရွာ ဒေသခံပြည်သူများက တွံတေးငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော စုစုပေါင်း သားပေါက်ကောင်ရေ ၄၅၀၀၀၀ အား တွံတေးမြို့နယ် သဝန်းတော ချောင်းအတွင်းသို့ စုပေါင်း၍ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် စစ်တွေတက္ကသိုလ်အတွင်း စာသင်ဆောင်များ ပြုပြင်ပြီးစီးမှု၊ စာသင်ခုံများ အသစ်လဲလှယ်မှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု ကြည့်ရှုစစ်ဆေး

စစ်တွေ ဇူလိုင် ၅

**ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက စစ်တွေတက္ကသိုလ်၌ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ဆောင်၊ စာသင်ခန်း၊ ကျောင်းသားအိပ်ဆောင်များ ပြန်လည်ပြုပြင်နေမှုနှင့် ပြုပြင်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးများနှင့် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်တို့က တက္ကသိုလ်အတွင်း စာသင်ဆောင်များ ပြုပြင်ပြီးစီးမှု၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာသင်ကြားနိုင်ရန် စာသင်ခုံများ အသစ်လဲလှယ်မှုနှင့် မွမ်းမံပြုပြင်ပြီးစီးမှု အခြေအနေများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက္ကသိုလ်အတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် ဝေသာလီဆောင် (ကျောင်းသားဆောင်) ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက္ကသိုလ်ပင်မဆောင် အစည်းအဝေးခန်းမ၌ တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဆောက်လုပ်ရေးကုမ္ပဏီများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်တို့က တက္ကသိုလ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်ကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး ရခိုင်ပြည်နယ် စက်သုံးဆီ လုပ်ငန်းရှင်များက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၁၀ ကို လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါအစည်းအဝေးခန်းမ၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီများ အလိုက် ပြန်လည် ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများ အတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့နှင့် မြေပုံမြို့တို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ကို ဇွန် ၇၊ ၁၈ နှင့် ၂၃ ရက်တို့တွင် ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဇူလိုင် ၅ ရက်တွင် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း–ရသေ့တောင်ဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ မင်းပြား – ပေါက်တော ဓာတ်အားလိုင်း ပြန်လည်ပြုပြင် တည်ဆောက်ခြင်း လုပ်ငန်းရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် မွန်းလွဲပိုင်းတွင် ရသေ့တောင်မြို့ရှိ ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၃) ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေးထရန်စဖော်မာ အလုံး ၂၀ ဖြင့် မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်နှင့် ကျေးရွာတစ်ရွာရှိ လျှပ်စစ်မီးသုံးစွဲသူ ၂၀၉၇ ဦးနှင့် ညနေပိုင်းတွင် ပေါက်တောမြို့ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ပေါက်တော ဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၂) ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေးထရန်စဖော်မာ ၂၂ လုံးဖြင့် မြို့ပေါ်ရပ်ကွက် (၅) ရပ်ကွက်ရှိ လျှပ်စစ်မီးသုံးစွဲသူ ၂၂၄၈ ဦးတို့ကို ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည် ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

ယခုအခါ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများ အတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးခဲ့သည့် မြို့နယ် ၁၀ မြို့နယ်အနက် ရှစ်မြို့နယ်အား ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် မြို့နယ်နှစ်မြို့နယ်ကို အမြန်ဆုံး ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု ကြည့်ရှုစစ်ဆေးစဉ်။






ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း စက်သုံးဆီလုပ်ငန်းရှင်များ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၁၀ လက်ခံစဉ်။



ပေါက်တောဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားစဉ်။

# ပဲခူးမြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု အခြေခံသင်တန်းများဖွင့်

ပဲခူး ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု အခြေခံသင်တန်း သုံးမျိုးဖွင့်ပွဲကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပဲခူးတိုင်းဒေသကြီး အနေဖြင့် ခရီးသွားများ စိတ်ဝင်စားသည့် တိုင်းဒေသကြီးတစ်ခု ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ များပြားလာမည်ဖြစ်ကြောင်း၊ ထို့အတူ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**



သင်တန်းတွင် အခြေခံဧည့်ကြိုသင်တန်း၊ အခြေခံ အိပ်ခန်းဆောင်နှင့် ထိန်းသိမ်းရေးသင်တန်း၊ အခြေခံအစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှု သင်တန်းတို့ကို သင်တန်းသား စုစုပေါင်း ၁၄၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၃ ရက်မှ ၁၄ ရက်အထိ ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာစုစုပေါင်း ၁၀၁ လုံး၊ အခန်းပေါင်း ၂၇၀၉ ခန်းရှိပြီး ၂၀၂၃ ခုနှစ်တွင် ပြည်တွင်း/ပြည်ပ ဧည့်သည် ၃၂၂၀၇ ဦး ဝင်ရောက်ခဲ့ပြီး ဝင်ငွေ ကျပ် ၅၄၇၆ ဒသမ ၇၄ သိန်း တိုးတက်ရရှိကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖြိုးက ပြောကြားသည်။

**ကိုတွတ်(ပြန်/ဆက်)**

### နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၅

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# အဂတိလိုက်စားမှုကို လူငယ်များအနေဖြင့်တိုက်ဖျက်ရန် ပထမဦးစွာဖြောင့်မတ်တည်ကြည်မှုကို ဦးစွာတည်ဆောက်ရမည်





**နေပြည်တော် ဇူလိုင် ၅**

ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ ဌေးအောင် တက်ရောက်၍ အဂတိလိုက်စားမှုကို လူငယ်များအနေဖြင့် တိုက်ဖျက်ရန် ပထမဦးစွာ ဖြောင့်မတ်တည်ကြည်မှုကို ဦးစွာ တည်ဆောက်ရမည် ဖြစ်ကြောင်း၊ ဖြောင့်မတ် တည်ကြည်မှုနှင့် အဂတိလိုက်စားမှုသည် တိုက်ရိုက်ဆက်နွှယ်နေသည့် အတွက် ဖြောင့်မတ်တည်ကြည်မှု မြင့်မားလာပါက အဂတိလိုက်စားမှုလည်း လျော့နည်း ကျဆင်းသွားနိုင်ပါကြောင်း။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များကို ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမည် ဖြစ်ကြောင်း၊ ဖြောင့်မတ် တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာရန် လူငယ်တို့၏ ပညာရေးကဏ္ဍဖြစ်သည့် စာသင်ကျောင်းများကနေ စတင်ရပါကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အပြုအမူ၊ စဉ်းစားတွေးခေါ်မှုနှင့် ကျင့်ဝတ်လိုက်နာမှုများကို ငယ်စဉ်ကတည်းက စနစ်တကျ လေ့ကျင့် ပျိုးထောင်ပေးရန်လိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လူငယ်စကားဝိုင်းများကို ယခုစာသင်နှစ်ဇွန်လမှစတင်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိအခြေခံပညာအထက်တန်းကျောင်းများတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာများကို သိရှိနားလည်ပြီးပါက ရရှိလာသည့် အသိပညာဗဟုသုတများကို မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက အမှတ် (၁၈) ဒက္ခိဏသီရိ ကျောင်းအုပ်ကြီးထံ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် အခြေခံပညာ အလယ်တန်းအဆင့် (ဆရာကိုင်) စာအုပ်၊ ကော်မရှင်မှပြုစုထုတ်ဝေခဲ့သည့် လက်ကမ်းစာစောင်သုံးမျိုးနှင့် ကော်မရှင်အမှတ်တံဆိပ်ပါ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှတာဝန်ရှိသူများက မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများကို ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာအချို့ကို ကောက်နုတ်၍ သင်ကြားပို့ချကြသည်။

“အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်များကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာအဆင့် (မူလတန်းနှင့် အလယ်တန်း) အဆင့်များမှစတင်၍ အသိပညာပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပူးပေါင်းဆောင်ရွက်နေ



**မန္တလေး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးမြို့ပေါ်ရှိ ကုန်စည်ဒိုင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း မန္တလေး (ကုန်စည်ဒိုင်)၊ ဆန်စပါးကုန်စည်ဒိုင်၊ မြန်မာနိုင်ငံသကြားနှင့် သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်းနှင့် မန္တလေးမြို့ပေါ်ရှိ သား၊ ငါး၊ ကုန်စိမ်းကုန်စည်ဒိုင်များမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်မှ သားငါးကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးအတွက် အလေးအနက်ထားဆောင်ရွက်နေကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွင် ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား လျာထားချက် ကွာဟနေမှုများရှိခြင်း၊ အဆင့်ဆင့်ရောင်းချမှု များပြားခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ အဆင့်ဆင့်ရောင်းချမှုလျှော့ချနိုင်ရန် ထုတ်လုပ်သူနှင့်စားသုံးသူ တိုက်ရိုက်ဝယ်ယူစားသုံးနိုင်မည့် နည်းလမ်းများ၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်စေရေး၊ ပြည်ပမှတင်သွင်းနေသည့် သွင်းကုန်အစားထိုး ထုတ်ကုန်ကဏ္ဍနှင့် ပို့ကုန်ကဏ္ဍတို့ကို ပိုမိုတိုးမြှင့်လာအောင် ရေတိုရေရှည်ထည့်သွင်းတွက်ချက်ကာ အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ကြောင်း၊ စားသုံးသူများတိုက်ရိုက်ဝယ်ယူနိုင်ရန် အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ သားငါးမျိုးစုံနှင့် ဟင်းသီးဟင်းရွက်တို့ကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးနေကြောင်း၊ ဒေသတွင်းစားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမန္တလေး (ကုန်စည်ဒိုင်)၊ ဆန်စပါး ကုန်စည်ဒိုင်၊ မြန်မာနိုင်ငံသကြားနှင့် သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်း၊ တိုင်းဒေသကြီး မွေးမြူရေးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အသင်း၏ရည်ရွယ်ချက်များ၊ လုပ်ငန်းလည်ပတ်နေမှုများ၊ ကြုံတွေ့နေရသည့် အခြေအနေများကိုလည်းကောင်း၊ ဝက်သားဒိုင်၊ အမဲသားဒိုင်၊ ဆိတ်သားဒိုင်၊ ငါးဒိုင်၊ ဟင်းသီးဟင်းရွက်ဒိုင်များမှ ကိုယ်စားလှယ်တစ်ဦးစီက ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ရောင်းဝယ်ရေးကဏ္ဍတို့တွင် ကြုံတွေ့နေရသည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေမှုများနှင့် ရည်ရွယ်ချက်များ၊ မူဝါဒများပြည့်မီအောင် ဆောင်ရွက်နေမှုများကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ကုန်စည်ဒိုင်များမှ တင်ပြချက်များ၊ တိုင်းဒေသကြီးဦးစီးမှူးများ၏ တင်ပြဆွေးနွေးချက်များနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမအသင်း၏ လယ်မြေဧက ၃ ဧက၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းနှင့် Transplanter Mounted Seeder(10 Rows) ဖြင့် စပါးမျိုးစေ့ချစိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၅ ရက်က ကျင်းပရာ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူတို့ ကြည့်ရှုအားပေးစဉ်။ နေမျိုးလွင်(ပြန်/ဆက်)

# ရမ်းဗြဲမြို့၌ တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့ ထောက်ပံ့ပေးအပ်

**ရမ်းဗြဲ ဇူလိုင် ၅**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဝင်းက တောင်သူများအနေဖြင့် နည်းပညာအသုံးပြု၍ ဟင်းသီးဟင်းရွက် အထွက်နှုန်း တိုးတက်မြင့်မားစေရေးအတွက် ဟင်းသီးဟင်းရွက်များကို စနစ်တကျစိုက်ပျိုးနိုင်ရန် လိုအပ်ပါကြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးအောင်နိုင်ဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က ဟင်းသီးဟင်းရွက်မျိုးစေ့များကို ကျေးရွာအုပ်စု ၂၁ အုပ်စုမှ တက်ရောက်လာကြသည့် တောင်သူများထံ ထောက်ပံ့ပေးအပ်ရာ တောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **အောင်တင်ကြည်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၁ ပေ ခန့်နှင့် မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာ ချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန် ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ် တာဝန်ပေးအပ်ထား ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လေပွေ့ရပ်ကွက် အခြေခံ ပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့ပြင် တိုးချဲ့ရပ်ကွက်ရှိ ဓမ္မိကာရုံပရဟိတဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ပြီး တိုင်းရင်းဆေးလုပ်ငန်းရှင်များမှ လှူဒါန်းသည့် တိုင်းရင်းဆေးမျိုးစုံနှင့် နေ့ဆွမ်းများကို ဆက်ကပ်လှူဒါန်းကာ အဆိုပါကျောင်းတိုက်၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၏ နေထိုင်စားသောက်မှုများကို ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ဗိုလ်ချုပ် သောင်းထိုက်ရွှေနှင့် ဌာနဆိုင်ရာတာဝန် ရှိသူများသည် မြောက်ဦးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်၍ ကျေးရွာအုပ်စု ၂၆ စုရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**

ထို့အတူ မာန်အောင်မြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မာန်အောင်မြို့နယ်အတွင်းရှိ





ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ပြီး ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကာ လေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက် ပျက်စီးဆုံးရှုံးခဲ့သော ဦးရာဇ်တော်ခါတ်စေတီတော် မြတ်ကြီးရှိ ခါတ်လှေကားအဆောက်အဦ၊ စက်ကိရိယာများနှင့် လူလျှောက်လမ်းများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် နေဝင်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၄ ရက် ညနေပိုင်းတွင် သာယာဝဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ပစ္စည်းများထားသိုရာ Cyclone Shelter သို့ သယ်ယူရွှေ့ပြောင်းပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် အောင်သူဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ ပြုလုပ်သည့် မုန်တိုင်းဒဏ်သင့် တောင်သူများအား မျိုးစပါးပေးအပ်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ကျေးရွာအုပ်စု ငါးစုရှိ မုန်တိုင်းဒဏ်သင့် တောင်သူများထံ ပေါ်ဆန်းရင်မျိုးစပါး တင်း ၁၀၀၊ နှံထောက် တင်း ၁၀၀၊ GW-11 တင်း ၁၀၀၊ ကြားပျံ တင်း ၁၀၀ စုစုပေါင်းတင်း ၄၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၅**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

**ဆက်လက်ရောင်းချပေး**

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဇူလိုင် ၅**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ရေချမ်းပြင်ကျေးရွာ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များက ပျားလည်ချောင်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ဝဲပုံ)**

ထို့အတူ ဘူးသီးတောင်၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ တပ်မင်းချောင်းကျေးရွာရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် အများပြည်သူအား ဖွင့်လှစ်ပြသရန် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)ကို ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၅**

(၇၆)နှစ်မြောက် အာဇာနည်နေ့တွင် အများပြည်သူအား ဖွင့်လှစ်ပြသမည့် ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ (ယာပုံ)

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကြည့်ရှုစစ်ဆေးရာ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၏ပြတိုက်အတွင်း ခေတ်အဆက်ဆက် ပြသထားသောအလံများ၊ နိုင်ငံခေါင်းဆောင်များ၏ ဓာတ်ပုံများနှင့် ၎င်းတို့၏ ထေရုပတ္တိများ၊ နိုင်ငံတော်မှထုတ်ပြန်ထားသည့် သတင်းအချက်အလက်များ ပြသထားရှိမှု၊ ပြတိုက်ရှေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့်အမည်များကို ကမ္ပည်းရေးထိုးပြီး ကျောက်တိုင်စိုက်ထူထားသည့် အမှတ်တရနေရာ၊ လွှတ်တော်ကျင်းပသည့်အခန်း၊ ဓာတ်ပုံများ ပြသထားရှိမှု၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် အစည်းအဝေးပြုလုပ်သည့်အခန်းနှင့် အတွင်းဝန်ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

**ပြင်ဆင်ဆောင်ရွက်ထား**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အတွင်းဝန်ရုံးအတွင်း သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရန်မှာကြားသည်။

**လိုအပ်သည်များ မှာကြား**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီရုံးတွင် (၇၆) နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီမှ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြုအမျှပေးဝေခြင်း အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ရသေ့တောင်မြို့နယ်နှင့် ပေါက်တောမြို့နယ်များသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ပြီ

**နေပြည်တော် ဇူလိုင် ၅**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများ အတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့နှင့် မြေပုံမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့အား (၇.၆.၂၀၂၃) ရက်၊ (၁၈.၆.၂၀၂၃)ရက်နှင့် (၂၃.၆.၂၀၂၃)ရက်နေ့စသည့် အသီးသီး ရက်များတို့တွင် ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေး နိုင်ခဲ့ပြီး ဖြစ်သည်။

**ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးထား**

ဆက်လက်၍ ကျန်ရှိနေသော မြို့များနှင့် ကျေးရွာများအား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်ဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ မင်းပြား- ပေါက်တော ဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ် တွင် ရသေ့တောင်မြို့ရှိ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ၏ ၁၁ကေဗွီ ဖီဒါ (၃)





ရသေ့တောင်မြို့ပေါ်ရပ်ကွက်များနှင့် နေအိမ်များတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။

ဖီဒါမှ ၁၁/၀ ဒသမ ၄ ကေဗွီ ဖြန့်ဖြူးရေးထရန်စဖော်မာ အလုံး ၂၀ ဖြင့် ရသေ့တောင်မြို့ပေါ် ရပ်ကွက်လေးရပ်ကွက်နှင့်ကျေးရွာ တစ်ရွာရှိ မီးသုံးသူ ၂၀၉၇ ဦးတို့အားလည်းကောင်း၊ ပေါက်တောမြို့ရှိ ၃၃/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ပေါက်တောဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၂) ဖီဒါမှ ၁၁/၀ ဒသမ ၄ ကေဗွီ ဖြန့်ဖြူးရေးထရန်စဖော်မာ ၂၂ လုံးဖြင့် ပေါက်တောမြို့ပေါ် ရပ်ကွက် ငါးရပ်ကွက်ရှိ မီးသုံးသူ ၂၂၄၈ ဦးတို့အား လည်းကောင်း ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူး ပေးထားပြီး ဖြစ်သည်။

**အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိ**

ယခုအခါ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများ အတွင်းရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံနှင့်ဆက်စပ်ပစ္စည်းများ ပျက်စီးသွားသည့် မြို့နယ် ၁၀ မြို့နယ်အနက် ရှစ်မြို့နယ်အား ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် မြို့နယ် နှစ်မြို့နယ်အား အမြန်ဆုံးဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





ပေါက်တောမြို့ ဓာတ်အားခွဲရုံနှင့် မြို့ပေါ်ရပ်ကွက်များ၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။

## နိုင်ငံ့စီးပွားမြှင့်တင်ရေး သမဝါယမကဏ္ဍ ချေးငွေထုတ်ချေးခြင်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပျော်ဘွယ် ဇူလိုင် ၅**

နိုင်ငံ့စီးပွားမြှင့်တင်ရေး သမဝါယမကဏ္ဍချေးငွေ ထုတ်ချေးခြင်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးတွင် ကျင်းပသည်။



ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆန်းထွန်းက သမဝါယမအသင်းများအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထုတ်ယူရရှိခဲ့မှု အခြေအနေများ၊ ချေးငွေထုတ်ယူမည့် သမဝါယမအသင်းများအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် သမဝါယမအသင်းများက လိုအပ်သောသွင်းအားစုများ ရရှိရေး၊ စိုက်ပျိုးမည့်သီးနှံမျိုးကောင်းမျိုးသန့်များရရှိရေးတို့ကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ မြို့နယ်ဦးစီးမှူးနှင့် အောင်နိုင်သစ္စာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာသမဝါယမအသင်း ၂၀ အနေဖြင့် ငွေကျပ် ၁၅၁၄ သိန်းရရှိခဲ့ပြီး အဓိကသီးနှံဖြစ်သည့်စပါးကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စပါးတစ်ဧကလျှင် ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ မျိုးနှင့်သွင်းအားစုများကို ထုတ်ချေးခြင်းဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**



**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်၌ သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ပြုလုပ်ရာ ရွှေဘိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦး၊ အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ်ဒုတပ်နယ်မှူး၊ ခရိုင်သစ်တောဦးစီးဌာနမှူးတို့က ရွှေဘိုတက္ကသိုလ်ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမျိုးမျိုး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက စုစုပေါင်း ပျိုးပင် ၅၁၅ ပင်ကို စုပေါင်းစိုက်ပျိုးကြစဉ်။** ခရိုင်(ပြန်/ဆက်)

# တရုတ်နိုင်ငံ ချုံချင်းမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား၊ ၁၅ ဦး သေဆုံးပြီး လေးဦး ပျောက်ဆုံးနေ

ချုံချင်း ဇူလိုင် ၅

**တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းမြို့ဖြစ်သည့် ချုံချင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားကာ ၁၅ ဦး သေဆုံးပြီး အခြား လေးဦး ပျောက်ဆုံးနေကြောင်း ဒေသအာဏာပိုင်များက ပြောသည်။**

ပြီးခဲ့သည့်လကတည်းက ချုံချင်းမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားလျက်ရှိကြောင်း နိုင်ငံပိုင်မီဒီယာများက ပြောသည်။ ဇူလိုင် ၃ ရက်မှ ၄ ရက်အထိ မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ဒေသအနှံ့အပြားတွင် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အာဏာပိုင်များသည် ၎င်းတို့၏ သတိပေးမှုအဆင့်ကို မြှင့်တင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်ကြောင့် လူပေါင်း ၄၀၀၀၀ နီးပါး ရေဘေးသင့်ခဲ့ကြောင်း ပြောသည်။ သမ္မတ ရှီကျင့်ဖျင်သည် သဘာဝဘေးအန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းရာတွင် အစွမ်းကုန်ကြိုးစားအားထုတ်ရန် တာဝန်ရှိသူများကို အမိန့်ပေးထားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ အပါအဝင် ဘေးလွတ်ရာ ရွှေ့ပြောင်းသူများနှင့် ပျက်စီးနေအိမ်များ ပြန်လည်ပြုပြင်နိုင်ရန်အတွက် ယွမ် သန်း ၃၂၀ (အမေရိကန် ဒေါ်လာ ၄၄ သန်းခန့်) သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ချုံချင်းမြို့တွင် ဇွန် ၃၀ ရက်ကလည်း အလားတူ သဘာဝဘေးအန္တရာယ်မျိုး ဖြစ်ပွားခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပွားကာ လူခြောက်ဦး သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ကယ်ဆယ်ရေးသမားများက ရေကြီးမှုဖြစ်ပွားသည့် ချုံချင်းဒေသမှ ပြည်သူများအား ဘေးလွတ်ရာသို့ ပို့ဆောင်ပေးစဉ်။

# တရုတ်ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား ကုလသမဂ္ဂငြိမ်းချမ်းရေးဆုများ ချီးမြှင့်

**ဘေရွတ် ဇူလိုင် ၅**

လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို ထူးချွန်ပြောင်မြောက်စွာ ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် (၂၁) ကြိမ်မြောက် လက်ဘနွန်နိုင်ငံဆိုင်ရာ တရုတ်ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့မှ အဖွဲ့ဝင်ပေါင်း ၄၁၀ ကို ကုလသမဂ္ဂ ငြိမ်းချမ်းရေးဆုတံဆိပ်များ ဇူလိုင် ၄ ရက်က ချီးမြှင့်ခဲ့သည်။

ဆုတံဆိပ်ပေးအပ်ပွဲ အခမ်းအနားကို လက်ဘနွန်တောင်ပိုင်း ဟန်နီရာကျေးရွာရှိ တရုတ်ငြိမ်းချမ်းရေး ထိန်းသိမ်းရေးစခန်း၌ ကျင်းပခဲ့သည်။ တရုတ်ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့သည် လက်ဘနွန်ရှိ ကုလသမဂ္ဂ ယာယီတပ်ဖွဲ့၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

(၂၁) ကြိမ်မြောက် တရုတ်ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့တွင် ဘက်စုံသုံးအင်ဂျင်နီယာတပ်ခွဲ၊ ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲ၊ ဆေးတပ်ခွဲတို့ ပါဝင်ပြီး ၂၀၂၂ ခုနှစ်မှစကာ ကုလသမဂ္ဂတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ယခုအချိန်အထိ တရုတ်ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့သည် မိုင်းနယ်မြေပေါင်း ၈၄၀၀ စတုရန်းမီတာကျော် ရှင်းလင်းနိုင်ခဲ့ပြီး မြေမြှုပ်မိုင်း ၁၄၀၀ ကျော်ကိုလည်း ဖယ်ရှားလင်းရှင်းနိုင်ခဲ့သည်။ အရည်အသွေးပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းပေါင်း ၁၀၀ ခန့်ကိုလည်း ပြုလုပ်နိုင်ခဲ့သည်။ ထို့အတူ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့နှင့် ဒေသခံပေါင်း ၃၀၀၀ ကျော်ကိုလည်း ဆေးဘက်ဆိုင်ရာ ကုသမှုများပေးခဲ့သည်။

ထို့ပြင် ယဉ်ကျေးမှုဖလှယ်မှုပေါင်း ၂၀ ကျော်ကိုလည်းပြုလုပ်ခဲ့သည်။ တရုတ်ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်ပေါင်း ၇၀၀၀ ကျော်ကို ၂၀၀၈ ခုနှစ်ကတည်းက လက်ဘနွန်နိုင်ငံသို့ စေလွှတ်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာရေးကို စောင့်ကြည့်ရန် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ကို ၁၉၇၈ ခုနှစ် မတ် ၁၉ ရက်က စတင်တည်ထောင်ခဲ့သည်။

**ဆင်ဟွာ**



တရုတ်ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား ဆုတံဆိပ်များ ချီးမြှင့်တပ်ဆင်ပေးစဉ်။

# နိုင်ငံအတွင်း ရင်ဆိုင်နေရသော စီးပွားရေးအခက်အခဲများကို ဖြေရှင်းသွားမည်ဟု လာအိုအစိုးရ ကတိပြုပြောကြား

**ဗီယင်ကျန်း ဇူလိုင် ၅**



မြင့်တက်လာသော ငွေကြေးဖောင်းပွမှုအပါအဝင် လာအိုနိုင်ငံ၌ ရင်ဆိုင်နေရသည့် စီးပွားရေးနှင့် ဘဏ္ဍာရေး အခက်အခဲများဖြေရှင်းရန် အစိုးရအနေဖြင့် ချက်ချင်းအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လာအိုဝန်ကြီးချုပ် ဆွန်နက်ဇေ စီဖန်တုန်းက ကတိပြု ပြောကြားသည်။

အထူးသဖြင့် ငွေကြေးလဲလှယ်နှုန်းထားများနှင့် လူသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းများ မြင့်တက်လာမှု စသောကိစ္စရပ်များကို အစိုးရအဖွဲ့အနေဖြင့် ချက်ချင်းကိုင်တွယ်ဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဝန်ကြီးချုပ်၏ ပြောကြားချက်ကို လာအိုအမျိုးသားရုပ်မြင်သံကြားက ဇူလိုင် ၄ ရက်တွင် ကြိုးကြားဖော်ပြခဲ့သည်။

ငွေကြေးဖောင်းပွမှု၊ လာအိုကစ်ငွေကြေးတန်ဖိုးကျဆင်းမှု၊ ငွေကြေးလဲလှယ်မှုနှုန်းထားများ မငြိမ်သက်မှု၊ ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်မှု၊ နေထိုင်မှုစရိတ်မြင့်မားမှုတို့နှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မေးမြန်းမှုများအပေါ် ဝန်ကြီးချုပ်ဆွန်နက်ဇေက မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ အမျိုးသမီးအလှပြင်ဆိုင်များကို တာလီဘန်များက ပိတ်သွားမည်

**ကဘူးလ် ဇူလိုင် ၅**

အာဖဂန်နစ္စတန်ရှိ အမျိုးသမီးအလှပြင်ဆိုင်များကို ပိတ်သိမ်းသွားမည်ဟု တာလီဘန်များက ပြောသည်။ တာလီဘန်များသည် ၂၀၂၁ ခုနှစ်တွင် ၎င်းတို့ အာဏာပြန်လည်ရရှိလာသည့် အချိန်မှစတင်ကာ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ကန့်သတ်ချက်များ တင်းကျပ်ခဲ့သည်။

ကဘူးလ်မြို့ရှိ အလှပြင်ဆိုင်များကို ထုတ်ပေးထားသည့် လုပ်ငန်းပါမစ်ကို ရုပ်သိမ်းရန် အမိန့်ပေးထားပြီး ဖြစ်ကြောင်း တာလီဘန်တို့၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ အလှပြင်ဆိုင်ဆိုသည်မှာ အမျိုးသမီးများ စိတ်အေးချမ်းစွာ အချိန်ဖြုန်းနိုင်သည့် တစ်ခုတည်းသော နေရာဖြစ်သည်ဟု အလှပြင်ဆိုင် ပိုင်ရှင်တစ်ဦးက ပြောသည်။ အစ္စလာမ္မစ်သွန်သင်ချက်များကို ဆန့်ကျင်သည့် မည်သည့်လုပ်ရပ်ကိုမျှ ပြုလုပ်ခဲ့ခြင်း မရှိကြောင်းနှင့် အလှပြင်ဆိုင်ကို ပိတ်လိုစိတ်လည်းမရှိကြောင်း ၎င်းက ဆက်ပြောသည်။

ပြီးခဲ့သည့် နှစ်ကလည်း အမျိုးသမီးများသည် ၎င်းတို့၏ မိသားစုဝင် မဟုတ်သည့် အမျိုးသားများရှေ့တွင် ဆံပင်နှင့် မျက်နှာကို ဖုံးကွယ်ထားရန် တာလီဘန်တို့က အမိန့်ထုတ်ခဲ့သည်။ မိန်းကလေးများ ပညာသင်ကြားရေးတွင်လည်း တာလီဘန်တို့က တင်းကျပ်ထားသည်။ အချို့သော နေရာများတွင် အမျိုးသမီးများမှာ မူလတန်းပညာရေးကိုပင် သင်ယူခွင့် မရကြပေ။

အာဖဂန်နစ္စတန်ရှိ အလှပြင်ဆိုင်များ ပိတ်ရမည့်ကိစ္စနှင့် ပတ်သက်၍ပြန်လည်သုံးသပ်သွားရန် ကုလသမဂ္ဂ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းက တာလီဘန်တို့ကို တိုက်တွန်းထားသည်။ အမျိုးသမီးများအပေါ် ကန့်သတ်ချက်အသစ်များ ပြုလုပ်ခြင်းသည် စီးပွားရေးပေါ်တွင် ဆိုးကျိုးများ သက်ရောက်လာမည်ဟုလည်း အဆိုပါ အဖွဲ့အစည်းက ဇူလိုင် ၅ ရက်တွင် ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# တရုတ်နိုင်ငံ၏ BYD လျှပ်စစ်ကားစက်ရုံများ ဘရာဇီးတွင် တည်ဆောက်သွားမည်

**ရီယိုဒီဂျနေးယိုး ဇူလိုင် ၅**

တရုတ်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် BYD သည် ဘရာဇီးနိုင်ငံတွင် လျှပ်စစ်ကားစက်ရုံများ တည်ဆောက်သွားမည်ဖြစ်ပြီး လာမည့်နှစ်တွင် ထုတ်လုပ်ရေးများ စတင်သွားမည်ဟု ကြေညာခဲ့သည်။

အဆိုပါကားကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်ပြီး ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်း ပြည်နယ် ဘာဟီရာတွင် ဇူလိုင် ၄ ရက်က ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။ ပြည်နယ်မြို့တော် ဆယ်လ်ဗာဒိုးတွင် စက်ရုံသုံးရုံ တည်ဆောက်သွားမည်ဟု ကုမ္ပဏီကပြောသည်။ ကနဦးတွင် တစ်နှစ်လျှင် ကားအစီးရေ ၁၅၀၀၀၀ အထိ ထုတ်လုပ်သွားရန် မျှော်မှန်းထားသည်။

အဆိုပါစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၆၀၂ ဒသမ ၅ သန်းခန့် ရင်းနှီးမြှုပ်နှံသွားမည်ပြီး ဒေသတွင်း အလုပ်နေရာပေါင်း ၅၀၀၀ ကို ဖန်တီးပေးနိုင်ကြောင်း ကုမ္ပဏီက ပြောသည်။

**အန်အိတ်ချ်ကေ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်


၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



## အမေ့အပြုံးနှင့် အဖေ့မျက်ရည်(မြင်းမူမောင်နိုင်မိုး)




**နေပြည်တော် ဇူလိုင် ၅**

အမေ့အပြုံးသည် သန့်စင်သည်၊ အေးမြသည်၊ ကြည်လင်သည်။ ပြီးတော့ သားသမီးတို့အတွက် ခွန်အားဖြစ်စေသည်။ အမေ့မျက်နှာသည်၊ ငြိမ်းအေးသည်၊ သိမ်မွေ့သည်၊ နူးညံ့သည်။ ပြီးတော့ သားသမီးတို့အတွက် အဆုံးမဲ့သောမေတ္တာရောင်ခြည်တို့ကို ပေးလွှတ်နိုင်သည်။ ထို့ကြောင့် အမေသာ တစ်ခါပြုံးလျှင်ဖြင့် တစ်ကမ္ဘာလုံး လှနိုင်သည်ဟု စာရေးသူကညွှန်းဆိုသည်။

ထို့အပြင် ဆိုခဲ ပြောခဲ ဖွင့်ဟခဲလှသော မြို့သိပ်နိုင်စွမ်း ကြီးမားလှသော အဖေတို့၏ ရင်ထဲတွင် စကားလုံးတွေ အနန္တ ပြောချင်တာတွေ အနတဂ္ဂမရှိလေသည်။ အဖေတွေမို့ မျက်ရည် မကျခဲ့ဖူးဘူးဟူ၍ မထင်လိုက်ပါနှင့် အမှန်စင်စစ် အဖေ့မျက်ရည် တစ်စက်သည် ပင်လယ်ထက်ပင် ကျယ်လိမ့်မည်ဟုလည်း ဖွဲ့ဆိုသည်။

သားသမီးတိုင်း မိဘများကို ပိုမိုချစ်ခင်စေလိုသောစိတ်၊ ပိုမိုလုပ်ကျွေးပြုစုလိုသော စိတ်များ၊ တစ်နည်းအားဖြင့် မိဘများ၏ ကျေးဇူးကို သိတတ်နားလည်သော သားသမီးများဖြစ်စေရန် ဆန္ဒဖြင့် အဖေ့အကြောင်းနှင့် အမေ့အကြောင်း ရေးဖွဲ့ထားသောကဗျာဆောင်းပါး ရသစာစုများပါ အပုဒ် ၂၀ ပါဝင်သည့် ဤစာအုပ်ကို မြဝတီစာပေတိုက် အမှတ်(၁၅) မိုးကောင်းလမ်း မြဝတီမီဒီယာစင်တာ(မြေညီထပ်) ရန်ကင်းမြို့နယ် ရန်ကုန်ဒေသကြီးက ထုတ်ဝေဖြန့်ချိပြီး မြဝတီစာပေတိုက်နှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (ဖုန်း- ၀၉-၉၇၃၆၅၃၆၂၅၊ ၀၉-၈၈၃၄၈၃၇၃၈၊ ၀၉-၆၇၂၇-၄၅၃၀၆)တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ




နေပြည်တော် ဇူလိုင် ၅

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ စာပဒေသာ ပထမဆုရရှိသည့် စာရေးသူ မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)၏ "ရှေးမြို့ဟောင်းများ သမိုင်းခြေရာခံ ခရီးသွားလေ့လာရေးဆောင်းပါးများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။**

ယင်းစာအုပ်တွင် စာရေးသူက သဲကုန်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်း၊ မြို့တစ်ပေါက်မြို့ဟောင်း၊ တဘူးမြို့ဟောင်း၊ သာယာဝတီမြို့ဟောင်း၊ လှိုင်မြို့ဟောင်း၊ ဘုရားကြီးမြို့ဟောင်းနှင့် ပြည်မြို့ဟောင်းများကို သမိုင်းခြေရာခံ ခရီးသွားလေ့လာရေးသားထားသည်။ တူးဖော်တွေ့ရှိပစ္စည်းများ၏ ဓာတ်ပုံများ၊ ကောင်းကင်မြေပုံ၊ ဆွဲမြေပုံများကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄-၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉- ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ မော်ကွန်းကဗျာအညွှန်း စာအုပ်ဖြန့်ချိ



**နေပြည်တော် ဇူလိုင် ၅**


ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာ) တတိယဆုရရှိသည့် စာရေးသူ လွင်မြန်မာ (မန်းတက္ကသိုလ်)၏ **"မော်ကွန်းကဗျာအညွှန်း"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာစာပေသမိုင်း၌ ပေါ်ပေါက်ဖြစ်ထွန်းခဲ့သော "မော်ကွန်းကဗျာများ" ထဲမှ လူသိများ ထင်ရှားသော အကြောင်းအရာ မတူသည့် "မော်ကွန်း" ရှစ်စောင်နှင့် ၎င်းမော်ကွန်းများ ရေးဖွဲ့သော "မော်ကွန်း" စာဆိုခြောက်ဦး၊ ရဟန်းနှစ်ပါးနှင့် လူပုဂ္ဂိုလ်လေးဦးတို့၏ အကြောင်းအရာနှင့် မော်ကွန်းတို့၏ စာပေ၊ သုတ၊ ရသတို့ကို ညွှန်းဆိုထားသည်။ မော်ကွန်းရှစ်စောင်ကို မော်ကွန်းစာဆိုအတ္ထုပ္ပတ္တိ၊ မော်ကွန်းနောက်ခံ၊ မော်ကွန်းဦးတည်ချက်၊ မော်ကွန်း အကြောင်းအရာ၊ မော်ကွန်း အရေးအဖွဲ့ဟူ၍ ငါးမျိုးခေါင်းစီးတပ်ကာ ညွှန်းဆိုထားသည်။ အညွှန်းဆိုခံ မော်ကွန်းများမှာ ပြည်စုန်မော်ကွန်း၊ ရွှေနန်းတည်မော်ကွန်း၊ တံတားဦးတည်မင်္ဂလာ စေတီတော်မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ရတနာပြောင်ဆင်တော်မော်ကွန်း၊ မိတ္ထီလာကန်တော်ဖွဲ့မော်ကွန်း၊ တရုတ်သံရောက်မော်ကွန်း၊ ရတနာနဒီဖွဲ့မော်ကွန်းတို့ ဖြစ်ကြသည်။ ညွှန်းဆိုရာတွင် ရသမြောက်သရုပ်ဖော်အဖွဲ့၊ စကားအသုံးအနှုန်း၊ ဂုဏ်အလင်္ကာ၊ မော်ကွန်း အချပိုဒ် ကာရန်ယူပုံ စသည်တို့ကို ခွဲခြားပြထားသည့်အတွက် မော်ကွန်းတို့၏ သဘောသဘာဝကို သိရှိခံစားနားလည်နိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၃၀၀၀ ဖြင့် စာပေဗိမာန် အရောင်းဌာနများသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆရာကြီး ဒေါက်တာခင်မောင်ညွှန့်ရေးသားသော "An Outline History of Myanmar Literature (Bagan Period to Kon-baung Period)" စာအုပ် ထုတ်ဝေဖြန့်ချိ




**နေပြည်တော် ဇူလိုင် ၅**

ဆရာကြီး ဒေါက်တာ ခင်မောင်ညွှန့်ရေးသား၍ ဒုတိယအကြိမ် ထပ်မံဖြည့်စွက်ထားသော "An Outline History of Myanmar Literature (Bagan Period to Kon-baung Period)"စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေလိုက်ပါသည်။ "An Outline History of Myanmar Literature (Bagan Period to Kon-baung Period)" စာအုပ်ကို ၁၉၉၈ ခုနှစ်တွင် စာပေဗိမာန်က ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ထပ်မံဖြည့်စွက်ပြီး ဒုတိယအကြိမ်အဖြစ် စာပေဗိမာန်က ထပ်မံထုတ်ဝေခြင်းဖြစ်သည်။

စာအုပ်တွင် လက်ာများနှင့် ကျောက်စာများ ထွန်းကားသော ပုဂံခေတ်စာပေ၊ ရဲသွေးရဲမာန် တက်ကြွစေသော ကာချင်းများ ပေါ်ထွက်သည့် ပင်းယခေတ်စာပေ၊ ရဟန်းစာဆိုတော်များ ထင်ရှားပြီး ပျို့ထွန်းကားသည့် အင်းဝခေတ်စာပေရတုနှင့် ချောင်းတို့ အားကောင်းသော တောင်ငူခေတ်စာပေ၊ စကားပြေရေးဖွဲ့မှု ကြွယ်ဝသော ညောင်ရမ်းခေတ်စာပေ၊ ပျို့ရေးဖွဲ့မှု တစ်ဖန်ဆန်းသစ်လာသည့် ကုန်းဘောင်ခေတ်ဦးစာပေနှင့် စကားပြေအမျိုးမျိုး၊ ကဗျာအမျိုးမျိုး၊ ပြဇာတ်စသည်ဖြင့် စာပေအမျိုးအစား စုံလင်သည့် ကုန်းဘောင်ခေတ်နှောင်းကာလ စာပေဟူ၍ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်လာပုံ အဆင့်ဆင့်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်။ စာပေကောက်နုတ်ချက်များကိုအင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ယှဉ်တွဲဖော်ပြထားသည်။

မြန်မာစာပေ စိတ်ဝင်စားသူလူငယ်များ၊ မြန်မာစာပေကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုလေ့လာလိုသူများ၊ မြန်မာစာပေကို လေ့လာလိုသူ နိုင်ငံခြားသားများ ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

"An Outline History of Myanmar Literature (Bagan Period to Kon-baung Period)" စာအုပ်ကိုတန်ဖိုးကျပ် ၂၅၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | [illegible] | [illegible] | ပုသိမ် | မြစ်ကြီးနား | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၀၃ | ၁၈၈၂ |
| 95 Ron | ၁၉၃၂ | ၂၀၀၄ |
| HSD (500 ppm) | ၁၈၆၃ | ၁၉၃၀ |
| HSD (50 ppm) | ၁၉၃၇ | ၂၀၀၅ |
| HSD (10 ppm) | ၁၉၃၇ | ၂၀၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကချင်ပြည်နယ်ဝန်ကြီးချုပ် နန်ဆန်ယန်ဒေသမှတိမ်းရှောင်လာသော ဒေသခံပြည်သူများအား တွေ့ဆုံအားပေး ထောက်ပံ့



**မြစ်ကြီးနား ဇူလိုင် ၅**
ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း ဗန်းမော်သွားလမ်းပေါ်ရှိ နန်ဆန်ယန်ဒေသမှ ဝိုင်းမော်မြို့ RC ဘုရားကျောင်းနှင့် မိုင်းနား AG ဘုရားကျောင်းသို့ ခေတ္တတိမ်းရှောင်လာသော ဒေသခံပြည်သူများအား ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီက ဝိုင်းမော်မြို့ အမှတ် (၂) ရပ်ကွက်ရှိ RC ဘုရားကျောင်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့ကြသည်။

**တွေ့ဆုံအားပေးစကားပြောကြား**

ထိုသို့ တိမ်းရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံထောက်ပံ့ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က နန်ဆန်ယန်ဒေသမှ RC ဘုရားကျောင်းသို့ တိမ်းရှောင်လာသည့် အိမ်ထောင်စု ၆၉ စု၊ လူဦးရေ ၂၅၈ ဦး၊ မိုင်းနားကျေးရွာအုပ်စု AG Camp သို့ တိမ်းရှောင်လာသည့် အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၅၃ ဦး စုစုပေါင်း အိမ်ထောင်စု ၈၂ စု၊ လူဦးရေ ၃၁၀ တို့အား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တိမ်းရှောင်မိသားစုများအတွက် တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်းဖြင့် စုစုပေါင်းဆန်အိတ် ၈၂ အိတ်နှင့် ခေါက်ဆွဲခြောက် ၈၂ ဖာနှင့် ကြက်ဥအလုံး ၈၂၀ ကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က အိမ်ထောင်စုများအတွက် ဆေးစိမ်ခြင်ထောင်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာတိမ်းရှောင်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အားပေးစကားပြောကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**မိုးစပါးအထွက် တိုးတက်မြင့်မားရေး**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မဒိန်းကျေးရွာအုပ်စု ခကွမ်ကျေးရွာအတွင်းရှိ လပြည့်ဝန်းလူမှုအသင်း(ခကွမ်) ရုံး ဧရာဝတီခန်းမဆောင်၌ ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့်တွေ့ဆုံပြီး ကျေးလက်နေတောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်နယ်၏ စားရေရိက္ခာဖူလုံစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးရေးသွင်းအားစုလိုအပ်ချက်များ၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များ၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဈေးကွက်ရရှိရေး၊ စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ တောင်သူများအနေဖြင့် မိုးစပါးအထွက်တိုးတက်မြင့်မားရေး၊ မိုးစပါးအပြီး ဆောင်းသီးထပ်သီးနှံစိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေး ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

**ဆောင်းသီးထပ်သီးနှံစိုက်ပျိုးနိုင်ရေး**

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံတောင်သူများက စိုက်ပျိုးရေးသွင်းအားစု လိုအပ်ချက်များ၊ ကုန်ထုတ်လမ်း၊ တံတားလိုအပ်ချက်၊ မြေဩဇာနှင့် နည်းပညာလိုအပ်ချက်များ၊ ဆောင်းသီးထပ်သီးနှံအတွက် စိုက်ပျိုးရေလိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က မျိုးကောင်းမျိုးသန့်ရရှိရေး ဖြန့်ဝေဆောင်ရွက်သွားနိုင်ရေး၊ ဆီထွက်သီးနှံနေကြာအပါအဝင် ဆောင်းသီးထပ်သီးနှံစိုက်ပျိုးနိုင်ရေး မြစ်ချောင်းအင်းအိုင်များမှ ရေအရင်းအမြစ်ရရှိရေး၊ စိုက်ဧကအလိုက် စက်ရေတွင်း၊ ဆိုလာစနစ်ဖြင့် ရွှေ့လျားရေတင်စက်များ ဆောင်ရွက်ပေးနိုင်ရေး၊ ဈေးကွက်ရရှိရေးနှင့် လိုအပ်သည်များကို ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မဒိန်းကျေးရွာအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှ စက်မှုလယ်ယာစနစ်ကျလယ်မြေဧက ၁၀၀ ဖော်ထုတ်ထားရှိသည့် စီမံကိန်းဧရိယာအတွင်း လယ်ယာမြေများပေါ်တွင် ကုန်ထုတ်လမ်း၊ ရေသွင်း/ရေထုတ်မြောင်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် သဘာဝမြေဆီမြေနှစ်ပြည့်ဝရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ပင်များ စိုက်ပျိုးထားရှိမှု၊ မိုးစပါးစိုက်ပျိုးနိုင်ရေး စပါးပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် သီးထပ်သီးနှံစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရေး ကြိုတင်စီမံဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**အများပြည်သူ အပန်းဖြေနိုင်ရေး**

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၅ ရက် နံနက် ၇ နာရီခွဲတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့်အတူ မြစ်ကြီးနားမြို့ လူအများဝင်/ ထွက်သွားလာအပန်းဖြေနေရာတစ်ခုဖြစ်သည့် စိမ်းမြရောပန်းခြံအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပေးဆပ်သူလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ပူးပေါင်းဆောင်ရွက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လူအများအနားယူအပန်းဖြေနေရာတစ်ခုဖြစ်သည့်အတွက် သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် အများပြည်သူစိတ်ချမ်းသာစွာ အပန်းဖြေနိုင်ရေး မြေယာရှုခင်းအလှအပများ၊ ပန်းပွင့်များဖြင့် အမြဲစိမ်းလန်းသစ်လွင်နေစေရန် စီမံဆောင်ရွက်သွားရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

---

## ကချင်ပြည်နယ် ဆဒုံးမြို့ ယာယီတိုက်ပွဲရှောင်စခန်း ပိတ်သိမ်း

**နေပြည်တော် ဇူလိုင် ၅**
ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆဒုံးမြို့ အမှတ် (၂) ရပ်ကွက်ရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ယာယီတိုက်ပွဲရှောင်စခန်းတွင် ခိုလှုံနေသော နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၁၆ စုသည် လီဆူခရစ်ယာန် အသင်းတော် အထက်မြန်မာပြည်က တာဝန်ယူဆောက်လုပ်လှူဒါန်းသည့် အမှတ် (၂) ရပ်ကွက် မြေဧက ၂ ဒသမ ၀၆ ဧကပေါ်ရှိ တန်ဖိုးနည်းအိမ်ရာသို့ ဇွန် ၃၀ ရက်တွင် ၎င်းတို့အစီအစဉ်ဖြင့် ပြောင်းရွှေ့သွားသဖြင့် ယာယီတိုက်ပွဲရှောင် စခန်းအား ပိတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။



ဝိုင်းမော်မြို့နယ် ဆဒုံးမြို့ ထွေ/အုပ် ယာယီတိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု ၁၆ စု အမှတ်(၂) ရပ်ကွက်ရှိ တန်ဖိုးနည်းအိမ်ရာသို့ ပြောင်းရွှေ့နေထိုင်မှုကို တွေ့ရစဉ်။

**ဇော်ဝင်းထွန်း**

---

## အုတ်တွင်းမြို့နယ်၌ ၄၀၀ ဗို့ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**အုတ်တွင်း ဇူလိုင် ၅**
ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် တောပုကျေးရွာအုပ်စု သိုက်ကုန်းကျေးရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (NEP) စနစ်ဖြင့် ဆောင်ရွက်သော ၁၁ ကေဗွီဓာတ်အားလိုင်း ၄၀၀ ဗို့ လျှပ်စစ်မီးဖွင့်ပွဲကို ဇူလိုင် ၅ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီက ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထူးကိုကိုက လျှပ်စစ်မီးလင်းရေး လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် လျှပ်စစ်အန္တရာယ် အသိပညာပေးခြင်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနဦးစီးအရာရှိ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာအားလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ (NEP) National Electrification Project စနစ်ဖြင့် လျှပ်စစ်မီး ရရှိရေးလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် အိမ်ခြေ ၁၂၀ ရှိ သိုက်ကုန်းကျေးရွာမှ အိမ်ခြေ ၇၃ လုံးအား ကနဦး လျှပ်စစ်မီးရရှိအောင် ဆောင်ရွက် ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျန်ရှိသော နေအိမ်များကို လျှပ်စစ်မီး ဆက်လက်ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေမင်းရည်စော (ပြန်/ဆက်)**

---

## တနင်္သာရီတိုင်းဒေသကြီးအတွင်း သမဝါယမကဏ္ဍမှ မိုးစပါးဧက ၁၀၀၀၀ စိုက်ပျိုးရေးစီမံကိန်း (မြစိမ်းရောင်) ဆောင်ရွက်မည့် သမဝါယမအသင်းများအား သွင်းအားစုများပေးအပ်

**ထားဝယ် ဇူလိုင် ၅**
တနင်္သာရီတိုင်းဒေသကြီး အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် သမဝါယမကဏ္ဍမှ မိုးစပါးဧက ၁၀၀၀၀ စိုက်ပျိုးရေးစီမံကိန်း (မြစိမ်းရောင်) အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်း၌ သမဝါယမအသင်း ၂၆ သင်း၊ တောင်သူ ၈၇၀ အား မျိုးစပါး ၉၃၁၉ တင်း၊ သဘာဝမြေဩဇာ ၂၄၆၂ အိတ်၊ ပုလဲမြေဩဇာ ၂၁၆၇ အိတ်၊ ကွန်ပေါင်းမြေဩဇာ ၅၈၈၉ အိတ် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၀၈ သန်းကို တနင်္သာရီတိုင်းဒေသကြီး နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှမတည်၍ တစ်ဧကအထွက်နှုန်း တိုးစေရေးဆောင်ရွက်မည်ဖြစ်ပြီး ကျန်မိုးစပါးစိုက်ဧက ၃၉၆၀ ကို သမဝါယမအသင်း အချင်းချင်းမှ ပံ့ပိုးသွားနိုင်ရေး ဆောင်ရွက်မည်ဖြစ်ရာ တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါးဧက ၁၀၀၀၀ ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ထားဝယ်မြို့နယ်ကျောက်မော်ကွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးရေး သရုပ်ပြပွဲ အခမ်းအနား၌ မြို့နယ်အဆင့် မိုးစပါးစိုက်ပျိုးရေး စီမံကိန်း (မြစိမ်းရောင်) ကြီးကြပ်ရေးကော်မတီက တိုင်းဒေသကြီး နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် (သမဝါယမကဏ္ဍ) မှ ကျောက်မော် ရပ်ကွက်နှင့် ဆက်စပ် ကျေးရွာများရှိ သမဝါယမအသင်း/ အစုအဖွဲ့ တောင်သူ ၂၆ ဦးအတွက် မိုးစပါးစိုက်ဧက ၅၅၁ ဧကကို မျိုးစပါးနှင့် သွင်းအားစုမြေဩဇာ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပြီး **(အပေါ်ပုံ)** အသင်းသား တောင်သူများ လိုအပ်သော သဘာဝမြေဩဇာ ၅၅၁ အိတ် (တန်ဖိုးငွေကျပ် ၁၆ ဒသမ ၅၃ သန်း)၊ ပုလဲမြေဩဇာ ၅၅၁ အိတ် (တန်ဖိုးငွေကျပ် ၄၄ ဒသမ ၀၈ သန်း)၊ မျိုးစပါး ၁၁၀၂ တင်း (တန်ဖိုးငွေကျပ် ၄၉ ဒသမ ၅၉ သန်း) စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၀ ဒသမ ၂၀ သန်းနှင့် ညီမျှသည့် မျိုးစပါး/ သွင်းအားစုများ ပေးအပ်သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးတို့က မျိုးစပါးများ ပေးအပ်ခြင်း၊ တိုင်းဒေသကြီး စီးပွားရေးဝန်ကြီးဦးအောင်ကြီးနှင့်သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်တို့က ပုလဲမြေဩဇာများ ပေးအပ်ခြင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးသန့်ဇင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ကျော်တို့က သဘာဝမြေဩဇာတို့ကို ပေးအပ်ရာ အသင်းသား တောင်သူများက လက်ခံရယူကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်လာသည့်



PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးခြင်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဒလမြို့နယ်၊ သုံးခွမြို့နယ်တို့နှင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်နေ ကောင်းခန့်လွင်(ခ)ဖိုးကောင်းသည် ၎င်းအသုံးပြုသည့် "Kaung Khant Lwin" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အရာတော်မြို့နယ် ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ ၁၅ ဦးသေဆုံးပြီး သံဃာတော်သုံးပါးအပါအဝင် ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၅**

စစ်ကိုင်းတိုင်း ဒေသကြီး အရာတော်မြို့နယ် ငွေတွင်းကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦးသေဆုံးပြီး သံဃာတော်သုံးပါးအပါအဝင် ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

**ဗုံးစထိမှန်သေဆုံး**

ဖြစ်စဉ်မှာ အရာတော်မြို့နယ် ငွေတွင်းကျေးရွာ အတွင်းသို့ ယနေ့နံနက် ၄ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ အရှေ့တောင်ဘက်မှ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ကျေးရွာအတွင်းရှိ ရိုးသားစွာနေထိုင်လုပ်ကိုင်စားသောက်နေသည့် အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦး ဗုံးစထိမှန်သေဆုံးခဲ့ပြီး သံဃာတော်သုံးပါးနှင့် အပြစ်မဲ့ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူနိုင်ရန်အတွက် မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

**ဖမ်းဆီးအရေးယူနိုင်ရေး**

ထိုသို့ ရိုးသားစွာနေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် အပြစ်မဲ့အရပ်သား ပြည်သူများ နေထိုင်ရာ ကျေးရွာအတွင်းသို့ ယုတ်မာရက်စက်စွာ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများအား ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




အရာတော်မြို့နယ် ငွေတွင်းကျေးရွာသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်သည့်နေရာပြပုံ။

## သဃ်န်းကျွန်းမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၅**

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့် ဆိုရိုးစကားနှင့်အညီ အနာဂတ်မျိုးဆက်သစ်များ အရည်အသွေးပြည့်မီစေရေးနှင့် လူငယ်များ ဗလငါးတန်ပြည့်မီစေရေးအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ဇူလိုင် ၅ ရက်က သဃ်န်းကျွန်းမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

လူငယ်ရေးရာဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီး ဒေါ်လှလှနွယ်က လူငယ်များအတွက် အသိပညာဗဟုသုတတိုးပွားစေရန် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းသိကောင်းစရာများ၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း သိကောင်းစရာ နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲကို ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**







## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/53299,Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၄/ပသန(နိုင်) ဝ၇၁၄၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ရွှေပန်းကိုင်းကျေးရွာနေ (ဘ) ဦးဖိုးကျန် ၏သား မောင်လှဦး ၈/သရန(နိုင်)ဝ၆၆၂၇၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် MC 972234 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈ ၆၃၂ ၂၅၈**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၇-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၄)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ရတနာဋ္ဌေး ၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် ဒေါ်ညွန့်ညွန့်အေး ၏ မှတ်ပုံတင်အမှတ် ၇/မကန(နိုင်)ဝ၁၇ဝ၄၆ အစား **မှတ်ပုံတင်အမှတ် အမှန် ၉/မကန(နိုင်)ဝ၁၇ဝ၄၆** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

❍ *ကျော်ဖုံးမှ*

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၄၅ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ကောင်း ထပ်မံရယူကာ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ အနီးကပ်ဆုံးပြိုင်ဘက်ဖြစ်သည့် ရန်ကုန်အသင်းကို သရေကစားနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် အသစ်ခေါ်ယူထားသည့် ကိုလံဘီယာတိုက်စစ်မှူး ဗလင်စီယာအပါအဝင် ဒေးဗစ်ထန်၊ ဇော်ဝင်းသိန်း၊ ရန်နိုင်ဦး၊ လှိုင်းဘိုဘို၊ ဆယ်လာတို့ဖြင့် လူစုံထုတ်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းကလည်း နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် ဟိန်းသီဟဇော်၊ နန္ဒကျော်၊ ကျော်ဇင်လွင်၊ မျိုးကိုထွန်းတို့ဖြင့် လူစုံပါဝင်ကစားခဲ့သည်။ ယခုပွဲအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၁ ပွဲကစားရမှတ် ၂၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး ရန်ကုန်အသင်းက ၁၀ ပွဲကစား ၂၅ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက GFA အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် အပြန်အလှန်သွင်းဂိုးများဖြင့် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး GFA အသင်းမှာမူ အရှုံးရလဒ်ကြောင့် ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။ မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၀ မိနစ်တွင် အာကာကျော်၊ ၃၈ မိနစ်တွင် ကျော်စွာမင်း၊ ၄၅+၂ မိနစ်တွင် ပက်ထရစ်၊ ၆၅ မိနစ်တွင် မျိုးမင်းဖြိုး၊ ၈၈ မိနစ်တွင် နေလင်းထွန်းတို့က သွင်းယူပြီး GFA အသင်းအတွက် ချေပဂိုးများကို ၂၄ မိနစ်တွင် ချမ်းငြိမ်း၊ ၅၅ မိနစ်တွင် ဂျူးဇက်နှင့် ၉၀+၂ မိနစ်တွင် ဟိန်းသက်ဖြိုးတို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၁၄ မှတ်၊ GFA အသင်းက ၁၁ ပွဲကစား ခုနစ်မှတ်ရရှိထားသည်။

ပွဲစဉ် (၁၁) နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၆ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီဋ္ဌေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၃၅ ကျပ် | ၁၉၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၅ ကျပ် | ၂၀၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၂၀ ကျပ် | ၁၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်သည့် ဒေါ်နန်းမေစုအောင်၊ ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများက ဇူလိုင် ၅ ရက်တွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများသို့ ရွေ့လျားစာကြည့်တိုက်ဖြင့် သွားရောက်၍ စာအုပ်စာစောင်များ ငှားရမ်းပေးစဉ်။ မျိုးသီဟ(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၃၄၇ | ၁၀၀၆၃၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၂၃ | ၁၆၅၆၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၈၇၇၉ | ၁၃၁၆၈၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၃၅၀ | ၂၄၅၀ | ၁၈၅ | ၄၃၅၇၅၀ |
| AHPC | ၅၀၀၀ | ၅၀၀၀ | ၂၂၇ | ၁၀၉၀၄၀၀ |
| MAEPC | ၁၈၅၀ | ၁၈၀၀ | ၈၃၃၃၁ | ၁၅၁၄၀၂၇၀၀ |

ညီညီ - စုစည်းသည်

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနသို့ ၂၀၂၃ခုနှစ်၊ ဩဂုတ်လအတွက်အသုံးပြုရန် ဒီဇယ်ဆီ(၇၀၀၀၀)ဂါလန်၊ Octane-92(၂၀၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ(၄၅၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၀-၇-၂၀၂၃ ရက်

(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၂-၇-၂၀၂၃ ရက်

(ဂ) လျှောက်လွှာရောင်းချမည့်နေရာ - ၆၂လမ်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန

(ဃ) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့ရက် - ၁၇-၇-၂၀၂၃ ရက်

(င) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၆)ထပ်ဆောင် အစည်းအဝေးခန်းမ

(စ) တင်ဒါ(၁)စုံရောင်းဈေးနှုန်း- ပစ္စည်း(၁)မျိုးလျှင် ကျပ် ၁၀၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင်(Fuel Import License)တင်ပြနိုင်သော ကုမ္ပဏီဖြစ်ရမည်။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရပေးဆောင်ရမည့်အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၃၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(၃)၊ရှမ်းပြည်နယ်(မြောက်ပိုင်း) အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁/၂၀၂၃-၂၀၂၄) (ရှမ်းမြောက်)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(၃)မှ မိုးမိတ်ခရိုင်အတွင်း ရှိ မြို့နယ်များတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ် ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါ အမှတ်စဉ်** - ၁/၂၀၂၃-၂၀၂၄

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၇-၂၀၂၃ရက်၊ (ဗုဒ္ဓဟူးနေ့)မှ ၁၈-၇-၂၀၂၃ရက်၊ (အင်္ဂါနေ့)အထိ နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီအထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့(၃)၊ ကျောက်မဲမြို့

(ဂ) **တင်ဒါလျှောက်လွှာ ပိတ်မည့် ရက်/အချိန်** - ၁၈-၇-၂၀၂၃ရက်(အင်္ဂါနေ့) ညနေ ၁၆:၀၀နာရီအထိ

(ဃ) **တင်ဒါဖွင့်လှစ် မည့်ရက်/ အချိန်** - ၂၀-၇-၂၀၂၃ရက်၊ (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မိုးမိတ်မြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ ကြီးကြပ်ရေးအဖွဲ့၊ ကျောက်မဲမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉- ၅၂၈၀၃၁၅၊ ၀၉- ၄၃၀၇၃၂၇၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃) အမရပူရခရိုင်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂၄

ကွယ်လွန်သူ အရှင်တိသ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ ကြေးသွန်းရပ်၊ မင်္ဂလာတိုက်ဟောင်း ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ခဲ့သော ကွယ်လွန် သူ အရှင်တိသ၏ ကျန်ရစ်ခဲ့သော မြန်မာ့စီးပွားရေးဘဏ်၊ အမရပူရဘဏ်ခွဲတွင် စုဆောင်းထားသည့် ငွေ ၇၂၄၄၁၇၃.၉၄ ကျပ်အပေါ် အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် အရှင်ခေမာစာရက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်(၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ရက်) တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုသည်ဖြစ်သောကြောင့် ထိုပျံလွန်တော်မူသော အရှင်တိသ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုး စီးပွား သက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၃ခုနှစ် ဇူလိုင်လ ၁၁ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၉ရက်)၌ မိမိတို့ကိုယ်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က အရှင်ခေမာစာရ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၃ရက်တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀) ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၆

ဦးကျော်စိုးသူ **နှင့်** ၁။ ဒေါ်အေးမြထွန်း
၂။ ဦးဟိန်းမင်းထွန်း

**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ဦးခန္တီဘုရားတိုက်တန်းနေ အမှတ်(၂)တရားပြိုင် ဦးဟိန်းမင်းထွန်း(ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကငွေကျပ်(၂၅၆)သိန်းရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၀ရက် (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်း ချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းသင်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး(၅/၁၉A)၊ မြို့ရှောင်လမ်း၊ အမှတ်(၈၄၄)ဟုခေါ်တွင်သော ဧရိယာ ပေ (၄၀x၆၀) ကျယ်ဝန်းသည့်ခြံမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဟိန်းဇော်(ဘ)ဦးဂျဝါသန်း(ခ)ဦးထွန်းလှ ၇/သနပ(နိုင်)၀၀၂၈၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့်ဖြစ်စေ၊ ယင်းခြံမြေနှင့်ပတ်သက်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပိုင်ရေးဆိုင်ခွင့်ရှိသူအနေဖြင့်ဖြစ်စေ ဤကြေညာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီသီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၁၄/၂၀၂၀)**
**ဖုန်း- ၀၉-၇၉၁၈၄၉၀၀၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး(၂/၉)၊ နတ်သျှင်နောင်လမ်း၊ အမှတ်(၄၃၅)ဟုခေါ်တွင်သော ဧရိယာ (၀.၁၁၀)ဧက ကျယ်ဝန်းသည့်ခြံမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝေဖြိုးလှိုင်(ဘ)ဦးကြည်လှိုင် ၁၂/ အစန(နိုင်)၀၆၉၀၅၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့်ဖြစ်စေ၊ ယင်းခြံမြေနှင့်ပတ်သက်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပိုင်ရေးဆိုင်ခွင့်ရှိသူအနေဖြင့်ဖြစ်စေ ဤကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီသီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၁၄/၂၀၂၀)**
**ဖုန်း-၀၉-၇၉၁၈၄၉၀၀၈**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ သော်ကလမ်း၊ အမှတ်(၁၈၀၇)ရှိ Novalyfe Co., Ltd. ၏ မန်နေးဂျင်းဒါရိုက်တာ ဦးခင်မောင်အေး (၆/တဝန(နိုင်)၀၈၉၀၈၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

Novalyfe Co., Ltd. သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလုပ်အမားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ တရားဝင် ထုတ်ပေးထားသော လိုင်စင်အမှတ် (၁၄၅/၂၀၂၂)ဖြင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီလုပ်ငန်း တည်ထောင်လုပ်ကိုင်လျက်ရှိရာ ဂျပန်နိုင်ငံရှိ မိတ်ဖက်ကုမ္ပဏီ မိတ်ဆွေများနှင့် နားလည်မှု စာချွန်လွှာများရေးထိုး၍ အလုပ်လုပ်ကိုင်လိုသူများ၏ ကျွမ်းကျင်မှုနှင့်အညီ ပို့ဆောင်ပေးနိုင်ရေးကို ဦးစားပေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လတ်တလော အခြေအနေတွင် မလေးရှား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံများသို့ပို့ဆောင်ပေးနိုင်ခြင်း မရှိသေးသည့် အချိန်ဖြစ်ပါသည်။

သို့ရာတွင် မသမာသူလူအချို့မှ နေပြည်တော်ကောင်စီနယ်မြေတွင် Novalyfe Co., Ltd. ၏ အမည်ကိုအသုံး ပြု၍ မလေးရှားနိုင်ငံသို့ သွားလိုသည့် အမျိုးသမီးတစ်ဦးထံမှ ငွေကြေးရယူလိမ်လည်သွားခဲ့ကြောင်း Novalyfe Co., Ltd. အေဂျင်စီမှ စုံစမ်းသိရှိရသည့်အတွက် အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ ကုမ္ပဏီ၏အမည်ကို အလွဲအသုံးပြုကာ လိမ်လည်သူအချို့ရှိနေကြောင်း အများပြည်သူသိရှိနိုင်ပါရန်နှင့် အလုပ်လုပ်ကိုင်လိုသူများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကုမ္ပဏီဒါရိုက်တာအဖွဲ့နှင့် တိုက်ရိုက်ဆက်သွယ်မေးမြန်းဆောင်ရွက်သင့်ပါကြောင်း သိရှိစေအပ်ပါသည်။ Novalyfe Co., Ltd. ၏ ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီအမည်ခံလျက် အများပြည်သူ ထိခိုက်နစ်နာစေရန် ဆောင်ရွက်ခြင်းများပြုလုပ်မည်ဆိုပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းသိန်းခိုင်(LL. B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၃၈)**
**အမှတ်(၆/၁၁၂)၊ အောင်မင်္ဂလာ(၁)လမ်း၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၂၅၆၂၀၉၂၀၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ်(၁၄၄/၇၂၉)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးစိန်ဝင်းအမည်ပေါက်မြေကွက်အား ဦးကြည်လွင် ၉/မထလ(နိုင်)၀၉၀၈၀၆ မှ ပျဉ်းမနားမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်သက်သေ ထွက်ဆိုချက်၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀) ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌ ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၇၆

ဒေါ်ရူပါအေးသန်းဝင်း **နှင့်** ဦးမြင့်အောင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အိမ်အမှတ်(ဘ-၂၆)၊ ၇/ပဒေသာနေ ဦးမြင့်အောင် (ယခုနေရပ်လိပ်စာမသိရှိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရူပါအေးသန်းဝင်းက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် (၁၃၈၅ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းသီရိရွှေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ မြေကွက်အမှတ်(၇၆)ရှိ မြေပေါ်တွင်မြေရှင် ဦးမြင့်ကြည် (၁၂/လကန(နိုင်)၁၁၃၇၃၆)နှင့် ကန်ထရိုက်တာ ဒေါ်မိစန္ဒာအေး(၁၀/ကမရ(နိုင်)၀၆၈၄၈၃)တို့မှ အခန်းပေးအခန်းယူ ဆောက်လုပ်ထားသော(၆ထပ်)တိုက်ခန်းများအနက် (၅)လွှာ (ခြေရင်းခန်းအကျယ် အဝန်း (၁၂ ၁/၂ ပေ x ပေ ၅၀) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သင်ဇာမျိုး (၁၂/တမန(နိုင်)၁၀၆၂၈၈)ထံမှ တစ်ဆင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ယဉ်မင်းအေး (၁၂/အစန(နိုင်)၀၀၀၄၃၀)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင် ပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မင်းအေး ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၈၃၅၁(၁၃.၉.၂၀၁၂)** | **စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/31934,Zong Shen-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့်သိန်း ၅/စကန(နိုင်)၂၁၉၅၉၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/87294,Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းနိုင် ၇/လပတ(နိုင်)၁၅၇၂၉၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ကြပ်ကြီးကျေးရွာနေ (ဘ) ဦးတင်ဝင်း၏သား မောင်သန်းနိုင်ဦး ၈/ကမန(နိုင်)၀၅၇၅၂၉ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MA 496271) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၄၃၅၁၅၇၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ဓမ္မသော်ကျေးရွာနေ (ဘ) ဦးတင်ဆောင်၏သမီး မခိုင်ခိုင်ဝင်း ၈/ကမန(နိုင်)၀၇၆၈၃၂ ၏ နိုင်ငံကူးလက် မှတ် အမှတ် (MD 287512) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၀၆၉၁၈၆၄**

## ဖခင်အမည်မှန်

ရော၀တီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ် အထက(ခွဲ) သိမ်ကုန်း Grade-11မှ မဆုလှဲ့သော်၏ဖခင်အမည်မှန်မှာ ဦးအောင်နိုင်အေး ၁၄/ ညတန(နိုင်)၀၉၆၈၅၃ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်အေး**
**၁၄/ညတန(နိုင်) ၀၉၆၈၅၃**

## အမည်ပြောင်း

မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ထောက်ရှာတန်း ကျေးရွာနေ ဦးအောင်ကိုကို၏ သမီး အထက်တန်းကျောင်း G-3 မှ မခင်မိုးဝေအား မနန်းထိုက်ထိုက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12U/9767,Tri-110,Three Wheel (MC) ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၂/မရက(နိုင်)၁၆၃၄၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/16348, Luojia,110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုးသန့် ၁၄/ပသန(နိုင်)၀၁၁၇၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/81944,Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရခိုင် ၁၃/သပန(နိုင်)၀၅၁၅၈၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ကသာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကသာမြို့၊ ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၇-၂၀၂၃ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၂၀-၇-၂၀၂၃ရက် (ကြာသပတေးနေ့)၊(၁၆:၀၀)နာရီ။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းစာရင်းအား အသေးစိတ်သိရှိလိုပါက ကသာမြို့၊ ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ ကသာမြို့**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## တောင်ငူမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ခုနှစ် တရားမကြီးမှုအမှတ် (၂၅) နှင့် ဆက်နွှယ်သည့် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှု အမှတ် (၈)

ဒေါ်သင်းသင်းမြတ် **နှင့်** ဦးကျော်အောင်
**ဒီကရီ အနိုင်ရသူ** **တရားရှုံး**

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ မင်းကြီးဆွေရပ်ကွက်နေ ဦးကျော်အောင် (ဘ) ဦးထွန်းရွှေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တောင်ငူမြို့နယ် တရားရုံး၏ ၂၀၂၃နှစ် တရားမကြီးမှုအမှတ် -၂၅ တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သင်းသင်းမြတ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်(၁၃၈၅ ခုနှစ် ပထမဝါဆိုလကွယ်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင် လ ၃ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ယာဉ်အမှတ် 11U/7119 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အထက(ရွာဟောင်းကန်) Grade-11 မှ မောင်မင်းသီဟ၏ ဖခင် ဦးအောင်ကိုဝင်း၏ အမည်မှန်မှာ ဦးအောင်ကိုမင်း ၈/မကန (နိုင်) ၁၄၂၉၄၄ ဖြစ်ပါကြောင်း။

**ဦးအောင်ကိုမင်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/4202 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/6776 CADILLAC, S/W(4x4)L ယာဉ်လက်ဝယ်ရှိသူ Win Myanmar Co.,Ltd Reg No.106026599 က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/7266 Toyota Caldina AT211, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်မြ ၁၂/ပဘတ(နိုင်)၀၂၁၅၁၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/8170 Suzuki Carry DA-63T, P/U ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်မင်းဦး ၁၂/သကတ(နိုင်)၁၆၆၂၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဦးကြော့လမ်း၊ မြေကွက်အမှတ် (၇၃၁)၊ အကျယ်အ၀န်း (၄၀ပေ× ၆၀ပေ)ရှိ ဦးစန်းမောင် (PDE- ၀၆၉၃၅၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၇၃၀)နှင့်ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးနေအောင်လင်း (၁၂/လမန (နိုင်) ၁၅၃၅၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ၀ယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအ၀ယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ် ၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ စက်ဆန်းရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဆန်စက်အပိုပစ္စည်းစက်ရုံဝင်းရှိ ရော်ဘာကြိတ်လုံး စက်ရုံအပါအဝင် အဆောက်အအုံ(၃)လုံးနှင့် စက်ယူနစ်(၂)မျိုးတို့အား ရော်ဘာလုပ်ငန်းအမှန်လုပ်ကိုင်သူများအား (၅)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ် ချုပ်ဆို၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်–

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** – ၅-၇-၂၀၂၃ရက်မှ ၁၈-၇-၂၀၂၃ထိ

(ခ) **တင်ဒါပိတ်မည့်နေ့/အချိန်** – ၁၈-၇-၂၀၂၃ရက်၊ညနေ(၁၆:၀၀)နာရီ

(ဂ) **တင်ဒါယှဉ်ပြိုင်ရမည့်ရက်/အချိန်** – ၂၇-၇-၂၀၂၃ ရက်နေ့၊ (၁၃:၀၀)နာရီ (တင်ဒါယှဉ်ပြိုင်မည့်နေ့အပြောင်းအလဲရှိပါက သတင်းစာတွင် ထပ်မံကြေညာမည်မဟုတ်ဘဲ တင်ဒါပုံစံဝယ်ယူထားသူများထံသို့ သီးခြားအကြောင်းကြားသွားမည်ဖြစ်ပါသည်)

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** – စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်။

(င) **စာရင်းပေးသွင်းရမည့်နေရာ** – ရုံးအမှတ်(၅၂)၊ နေပြည်တော်

(စ) **တင်ဒါစည်းကမ်းချက်များရှင်းလင်းမည့်ရက်/အချိန်/နေရာ** – ၂၇-၇-၂၀၂၃ရက်၊ (၁၀:၃၀)နာရီ ရုံးအမှတ်(၅၂)၊ နေပြည်တော်

(ဆ) **တင်ဒါပုံစံရောင်းချမည့်နေရာ** – စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၈/၄၀)၊ ဒုတိယထပ် ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊

(ဇ) **Deposit ပေးသွင်းနိုင်သည့်ဘဏ်** – တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင်ဖော်ပြပြီးဖြစ်ပါသည်။

၂။ စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့် ဆန်စက်အပိုပစ္စည်းစက်ရုံဝင်းရှိ ရော်ဘာကြိတ်လုံး စက်ရုံအပါအဝင် အဆောက်အအုံ(၃)လုံးနှင့် စက်ယူနစ်(၂)မျိုးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာ မြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံ ဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၁-၂၅၀၄၃၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## အများသိစေရန် အသိပေးကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ ဦးပိုင်အမှတ်(D/၃၁)၊ အကွက်အမှတ်နှင့် အမည် (အောင်စေတနာတိုးချဲ့)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၅၁၃-၅/၂၀၂၂-၂၀၂၃(အေ)အရ ဦးစိုင်းစိုင်းဆမ် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးစိုင်းစိုင်းဆမ် ၁၃/လရန(နိုင်)၁၁၃၁၀၀ လက်ရှိထားပိုင်ဆိုင်သောမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဒေါ်ရောက်ဟွာ ၁၃/လရန(နိုင်)၀၇၃၀၈၆ က ဝယ်ယူရန် သဘောတူညီကြပြီး ရောင်းကြေးငွေများအနက်မှ စရန်ငွေ တစ်စိတ်တဒေသပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စရပ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်အား တရားဝင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြေကွက်ဝယ်ယူသူ ဒေါ်ရောက်ဟွာ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခေါင်ဇယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၅)၊ သီတာဦး(၄၄)လမ်း၊ စိန်ပီတာလမ်းသွယ်၊ ရပ်ကွက်(၅)၊**
**နယ်မြေ(၄)၊ လားရှိုးမြို့၊ ဖုန်း–၀၉–၄၀၃၇၁၀၀၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၂/ ပေါင်းလောင်း(၂)၊မြေကွက် အမှတ်(၄၄၄၀)၊ ဧရိယာ (၀ဒသမ၀၅၅) ဧကရှိ အလျား(၄၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိသော နှစ်(၃၀) မြေငှားဂရန်မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဇေဖြိုးအောင် (ဘ)ဦးသိန်းဌေး ၉/ပမန(နိုင်)၁၇၉၀၂၆ အမည်ဖြင့် အမည်ပေါက်ထားပြီး အဆိုပါမြေကွက်နှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်ဝယ်ယူထားသူ ဦးအောင်ကိုကိုဦး (ဘ)ဦးမြင့်သိန်း ၁၄/မမက(နိုင်)၁၇၇၅၅၅ ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆိုပါအိမ်ဝိုင်းခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ဝိုင်းခြံမြေ အရောင်းအဝယ်ပြုလုပ်ခြင်း ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီများ အစရှိသည့် အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ကာလအတွင်း တစ်စုံတစ်ရာကန့်ကွက်ခြင်းမရှိပါက ခြံမြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကျော့ကျော့လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၉၂၇၄) ၂၄–၁၀–၂၀၁၃**
**ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့**
**ဖုန်း–၀၉–၂၅၀၇၉၈၄၈၄**

## ပျောက်ဆုံးကြောင်း

မင်းကင်းမြို့နယ်၊ ယင်းမာရွာနေ ဦးဗိုလ်ချို၏သား မောင်နိုင်မင်းဖြိုး ၅/မကန(နိုင်)၁၀၁၅၂၉၏ နိုင်ငံကူးလက်မှတ်နံပါတ် ME–318665မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၆၅၃၆၈၀၃၂**

## ပျောက်ဆုံးကြောင်း

မင်းကင်းမြို့နယ်၊ ယင်းမာရွာနေ ဦးအောင်ထွန်း၏သား မောင်ထိမ်းခန့်ကျော် ၅/မကန(နိုင်)၁၀၁၅၄၆၏ နိုင်ငံကူးလက်မှတ်နံပါတ် ME–318664 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၆၅၃၆၈၀၃၂**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ ဖားအောက်၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ Grade–2 တန်းမှ မောင်ဉာဏ်လင်းဆက်၏ဖခင်အမည်မှန်မှာ ဦးခိုင်လင်း ၁၀/မဒန(နိုင်)၁၂၃၆၈၇ ဖြစ်ပါကြောင်း။

**ဦးခိုင်လင်း**

## မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ မြို့မအရှေ့ရပ်ကွက်မှ ဦးကြင်လှိုင်၏သမီး ဒေါ်ဥမ္မာလှိုင် ၉/မသန(နိုင်) ၀၀၃၁၄၁၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅–၆–၁၉၇၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နာဂဒေသ၊ လဟယ်မြို့၊ အထက်တန်းကျောင်းတွင် ၂၀၂၂–၂၀၂၃ ပညာသင်နှစ် Grade–7 အောင်မြင်ခဲ့သော မအားမာန်လှိုင်ညျ၏ ဖခင်အမည်မှန်မှာ ဦးမာဂေါင်း ၅/လဟန(နိုင်)၀၀၃၅၀၅ ဖြစ်ပါကြောင်း။

**ဦးမာဂေါင်း**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသက်သက်ဝင်း ၉/ကပတ(နိုင်)၁၄၁၇၅၈ ကိုင်ဆောင်ထားသော ပတ်စ်ပို့(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန် ပန်ကြားအပ်ပါသည်။

**မသက်သက်ဝင်း**
**ဖုန်း–၀၉–၂၆၀၀၀၄၆၄၄**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/6059 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/3408 KAUNG MYAT KYAIR SIN HEIN L/T, Pick Up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ညွှန့် ၅/ကလထ(နိုင်)၀၄၄၂၇၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(တမူး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ–၁ နှင့်–၅)
## ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၇

**ဦးပွေး** နှင့် **ဦးမြအောင်**
**(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်သက်မြတ်နိုးထွန်း)**
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၂၆) နေ တရားပြိုင် ဦးမြအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးပွေး (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်သက်မြတ်နိုးထွန်း)က "အချင်းဖြစ်မြေကွက်ဧရိယာ (၂၈ပေ x ၆၀ပေ)ကို တရားလိုသာလျှင်တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး တရားလိုလွှဲအပ်ခြင်း မရှိသော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၇၀၃/ ၂၀၁၆ မှာ တရားပြိုင်က လိမ်လည်ပြုလုပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာဖြစ်၍ ယင်းကိုယ်စားလှယ်လွှဲစာကိုဖျက်သိမ်းပြီး၊ တရားပြိုင်လက်ဝယ်ရှိ အချင်းဖြစ်မြေငှားစာချုပ်(ဂရန်)မူရင်းကို တရားပြိုင်မှ တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက် (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆုတ်(၁၄)ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်စိုး)**
**တွဲဖက်ခရိုင်တရားသူကြီး ( ၂ )**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၊ မြေကွက်အမှတ်–၁၈၂/က၊ (အလျား ပေ ၂၀ x အနံပေ ၆၀) အကျယ်အဝန်းရှိ ဦးစိုးတင့်အမည်ပေါက်ပါမစ်မြေအမျိုးအစား မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အမှတ်–၃၆၊ ဗိုလ်မင်းရောင်(၃)လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန် မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ကိုယ်တိုင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်အရ ပိုင်ဆိုင်ပြီး၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြပါသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော (ဘ)ဦးငွေသိန်း၏သမီးများဖြစ်ကြသည့် (၁)ဒေါ်နန်းအေးရင် ၁၂/ဒလန(နိုင်)၀၄၇၆၆၅နှင့် (၂) ဒေါ်ခင်စန္ဒာအေး ၁၀/မလမ(နိုင်)၀၉၄၅၅၁ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ် ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အဆောက်အအုံတို့၏အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါကအထက် ဖော်ပြပါ မြေကွက်နှင့်နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမောင်မောင်သူရ (မြောင်းမြ)** **ဦးဇေယျာထွန်း (LL. B)**
**LL. B, A.G.T.I (EP), D.B.L, D.M.L** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၃၂)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၀၈)**
**ဒေါ်ချယ်ရီလှိုင် (LL.B)** **ဦးစိုးလွင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၁)** **အထက်တန်းရှေ့နေ (စဉ်–၃၇၉၈၁)**
**အမှတ်–၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၁၈၄၀၄၂ ၊ ၀၉–၇၃၁၁၅၁၀၅၊ ၀၉–၄၂၁၁၀၈၅၅၁၊ ၀၉–၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည်(၆)(ပန်းဆိုးတန်း)၊ ဦးပိုင်အမှတ်(၉၈ᵐ)၊ ဧရိယာ ၀ဒသမ၀၄၀ ဧကရှိမြေကို မူလပိုင်ရှင် ဦးမြင့်အောင် အမည်ဖြင့်(၁၀–၆–၁၉၉၃) မှ (၉–၆–၂၀၂၃)ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ၎င်းမြေကို သက်တမ်းတိုးမြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် သမက/၁၄ မြေကွက်အမှတ်(၁၂၄၄)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၀x၆၀) အကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနတွင် ဦးမြသိန်း ISN–၅၅၇၃၇၅ အမည်ဖြင့် အမှတ်အသားတည်ရှိပြီး ယခု ဦးမြင့်သိန်း ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ရင်ချစ်မှ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံသူ ဒေါ်ရင်ချစ် ၁၂/အစန(နိုင်)၀၂၀၆၃၇ထံမှ ကျွန်မအိန္ဒယ်ထွန်း ၈/စလန(နိုင်)၁၃၈၅၀၂သို့ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မအိန္ဒယ်ထွန်း**
**၈/စလန(နိုင်)၁၃၈၅၀၂**
**ဖုန်း–၀၉–၇၇၇၂၆၆၇၈၁**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၃–၂၀၂၄)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ မြန်မာနိုင်ငံ အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြု Antirabies Vaccine (ARV)နှင့် Rabies Immunoglobulin (RIG) တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါအမှတ်** – Tender.5.ARV & RIG(2023–2024)

**တင်ဒါစတင်သည့်ရက်** – ၆ – ၇ – ၂၀၂၃ရက်နေ့

**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** – ၂၀ – ၇ –၂၀၂၃ရက်နေ့ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း–၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/9799 ၏ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်ကြီးစာရေး ခင်မောင်ဇော် (ကိုယ်ပိုင်အမှတ် ၇၇၈၉၅၈) ၈/ဂဂန(နိုင်)၀၀၄၀၈၁ (ဘ)ဦးမောင်ပို အမည်ပေါက် ပါမစ်မြေကွက် အမှတ် ပစ(င)၁၄၀၈ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်သင်းသင်ခိုင် ၉/ပမန(နိုင်)၀၃၅၇၅၄ (ဘ)ဦးစောမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ကြီးစာရေး ခင်မောင်ဇော် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဦးလင်းလမ်း၊ မြေကွက်အမှတ် (၉၁၅)၊ မြေပေအကျယ် (၄၁x၆၀)ပေ၊ စတုရန်းပေ(၂၄၆၀)ရှိ ဒေါ်စန်းစန်းရီ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၉၁၆)နှင့်ကပ်လျက်ဘက်အခြမ်း (ခြေရင်းခြမ်း) (ဂရန်မိတ္တူခြမ်း)၊ မြေပေအကျယ်(၂၀ဒသမ၆x၆၀)ပေ၊ စတုရန်းပေ (၁၂၃၀)ရှိမြေကွက်ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်မူရင်းအပါအဝင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နီလာအေး ၁၂/ဥကတ(နိုင်)၀၅၃၅၁၉ က အထက်ပါမြေကွက်သည် အရှုပ်အရှင်းကင်းရှင်း၍ မိမိမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းလတ် ၁၂/လမန(နိုင်)၁၂၀၇၀၀ ကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၃၀၆၆၁၆၄ ၊ ၀၉–၇၉၆၆၀၀၂၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/87565,Luajia –110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဦး ၁၄/မမန(နိုင်)၁၉၅၁၅၃ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အထက(မြို့မ)၊ Grade–10 မှ မောင်ဟန်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ၁၂/မကန(နိုင်) ၀၁၇၄၇၉ ဖြစ်ပါကြောင်း။

**ဦးဝင်းရွှေ**
**၁၂/မကန(နိုင်)၀၁၇၄၇၉**

## ဒေါ်အေးအေး
### အလပြ(ငြိမ်း)၊ အလက(လက်ခုပ်ကုန်း)
### (မြန်မာ့ပုလဲ ဒု-မွေးမှုဟောင်း)
### အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၆) ရပ်ကွက်၊ ဒီပါမြေလမ်း၊ အမှတ် ၁၃၉၇ နေ (ဦးစိန်ညွန့်-ဒေါ်မြရီ)တို့၏သမီး၊ (ဦးရွှေအိုး-ဒေါ်စောတင်)တို့၏ သမီးချွေးမ၊ ဦးကျော်ဝင်း-(ဒေါ်လဲ့လဲ့ညွန့်)၊ ဒေါ်သန်းသန်းညွန့် တို့၏ညီမ၊ (ဦးမြင့်ဦး)-ဒေါ်ဝင်းစုခိုင်၊ ဦးအောင်မိုးကျော်တို့၏ အစ်မ၊ ဦးချစ်ထွေး (မြန်မာ့ ပုလဲ-ငြိမ်း)၏ဇနီး၊ ဒေါ်စုထွေးလတ်၊ ဦးဟိန်းထက်စိုး(ခ) ကြည်သာ-မမဋ္ဌူမြင့်၊ ဦးပြေငြိမ်းမောင်(ဘိုဘို) တို့၏ ချစ်လှစွာသော မိခင်၊ မအိန္ဒြေငုံဖူး၊ မအေးချမ်းမြင့်မို့ရိတို့၏ အဘွားသည် ၅-၇-၂၀၂၃ရက်နံနက် ၄:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၃ရက် နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်မိုး(လက်ထောက်အင်ဂျင်နီယာ)
### လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
### အသက်(၅၇)နှစ်

လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးအောင်မိုး (လက်ထောက်အင်ဂျင်နီယာ) အသက် (၅၇) နှစ်သည် ၅-၇-၂၀၂၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မိသားစု**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၆/၁၀၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ဘုရင့်နောင်လမ်းမကြီး၊ မြေကွက်အမှတ်-၂၄၄/က၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစာရင်းဌာနတွင် ဒေါ်သန်းသန်း အမည်ဖြင့် မှတ်သားတည်ရှိသော နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေအကျယ် ပေ(၂၀ x ၆၀) အကျယ်ရှိခြံမြေကွက်နှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဦးအောင်စိုးသန့် (၉/ပမန (နိုင်) ၁၅၄၇၀၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အားဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မြတ်စုထွေး(LL.B)** | **ဒေါ်စုလှိုင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၃၀)** | **အထက်တန်းရှေ့နေ (စဉ်-၄၃၅၈၀)** |
| **အမှတ် - ၈၄ (က)၊ ကာယသုခ (၃) လမ်း၊** | **အင်းစိန်ရှေ့နေများနားနေခန်း၊** |
| **ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊** | **စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး** | **ရန်ကုန်တိုင်းဒေသကြီး** |

**ဖုန်း-၀၉-၅၁၈၇၂၈၀၊ ၀၉ -၂၅၂၆၈၉၁၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ်(ဥ-၆၀၂၀)၊ ဧရိယာ(၀.၁၄၆)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်သည် ဦးဝင်းနိုင်(ဘ)ဦးညွန့်ဆောင် ၅/စကန(နိုင်)၀၄၈၈၃၀ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ နှစ်(၃၀) မြေငှားစာချုပ် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အမှတ် (ဥ-၆၀၂၀) အား ယခုလက်ရှိပိုင်ဆိုင်သူဖြစ်သော ဦးဝင်းနိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ၄-၇-၂၀၂၃ ရက်တွင် ပေးချေခဲ့ပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမဋ္ဌူ(စဉ်-၁၇၁၉၈/၂၀၂၁)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆၃၇၈) မြတ်လေး(၃)လမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊**
**ဥတ္တရသီရိမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၇၅၅၇၉**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ် (၁၄၃-က)၊ မြေဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိ မြေကွက်သည် မူလက ဒေါ်နော်ဖေါဝါး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၆၆၉ /V၂၀၁၅-၂၀၁၆အရ ၁၅-၆-၂၀၄၆ ရက်အထိ(၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်နော်ဖေါဝါး (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးခိုင်ဇော်ထွန်း)က ၁၂-၅-၂၀၂၃ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၃၆/၂၀၂၃)အရ ဒေါ်လင်းလင်းအေး ၁/မကန(နိုင်)၀၀၀၇၄၆ ထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်လင်းလင်းအေး အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**.ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဒေါ်တင်တင်သိန်း
### အသက်(၉၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရေစက်လမ်း၊ အမှတ် ၁၆၁/A2နေ (ဦးရွှေထွန်းဦး-ဒေါ်ငွေလှ)တို့၏ သမီး၊ ဦးဝင်းမောင်၊ ဒေါ်ခင်သီတာ၊ ဦးဝင်းဇော်-ဒေါ်မီမီကိုလင်း၊ ဦးကျော်ကျော်ဝင်း-ဒေါ်သန်းသန်းခင်၊ဦးဝင်းနိုင်-ဒေါ်သန်းမေ တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်အောင်ကိုခန့်၊ မောင်ကောင်းသစ်ထူး၊မောင်မြတ်ဘုန်းပိုင်၊ မဆုမြတ်ရတနာတို့၏ အဘွားသည် ၄-၇-၂၀၂၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၂၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပြီး ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၂၃ရက်(တနင်္လာနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်သောကြောင့် မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ရေစက်လမ်း၊ အမှတ်(၁၆၁/ A2) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၉)၊ ဦးပိုင်အမှတ် (၁၁၃)၊၆၄x၆၅လမ်း ၊ ၁၁၅x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မမ ၉/စကတ(နိုင်) ၀၃၉၄၆၁ ၊ DA-၀၀၀၂၅၇၏(SP ရသူ ဦးထွန်းလွင်ကျော်)က အမည်ပေါက်သူ ဒေါ်ခင်မမ ၏ မှတ်ပုံတင် အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ၎င်းရမ်း၍မရကြောင်း တင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၁၁၆/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ဟင်္သာကုန်းရပ်ကွက်၊ မွန်စံပြ (၃) လမ်းနေ ဦးမောင်လိန်-ဒေါ်ငွေသိန်းတို့၏ သမီး မခင်လေးနွယ် ၇/ပခန(နိုင်) ၂၁၆ ၉၈၂ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘများ ဦးမောင်လိန်-ဒေါ်ငွေသိန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၁၉၃)၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ စတုရန်းပေ ၂၄၀၀ ရှိ ဒေါ်ခင်လေးညွန့် (O/RGN-009735) (၁၂/သကတ(နိုင်)၀၁၈၈၂၆) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီတာဝင်း (၁၂/ဥကမ(နိုင်)၁၇၀၈၀၅)မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂) ရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## တရားလွှတ်တော်ရှေ့နေများဖြစ်သော ဒေါ်နွယ်နွယ်သန်း၊ ဒေါ်လင်းသီရိကျော်တို့၏ အများသိစေရန် ကြေညာခြင်းအပေါ် ဦးမင်းကိုဦးနှင့် ဦးမင်းနိုင်(အမည်မှန်) ဦးမင်းနောင်တို့က အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းကိုဦး ၆/သရခ(နိုင်)၁၀၇၇၃၄ ယာဉ်အမှတ် (6R/8973) နှင့် ဦးမင်းနောင်၊ ၆/သရခ (နိုင်)၀၇၆၁၁၀ ယာဉ်အမှတ် (5R/2078) တို့အား ဦးမင်းကိုဦးမှ (၂၇-၁၁-၂၀၁၉) နှစ်ဦးသဘောတူစာချုပ်အရ (၂၇-၁၂-၂၀၁၉)ရက်မှ လစဉ် (၂၇-၁၁-၂၀၂၁)ရက်အထိ အရစ်ကျငွေ အကျေအပြေပေးချေခဲ့ပြီး၊ ဦးမင်းနောင်မှလည်း (၃၀-၈-၂၀၂၀)နှစ်ဦးသဘောတူစာချုပ်အရ (၃၀-၈- ၂၀၂၀)ရက်မှ (၉-၁၁-၂၀၂၁)ရက်အထိ ငွေအပြေအကျေ အသီးသီးပေးချေခဲ့ပြီးဖြစ်၍ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားနှင့် Owner Book စာအုပ်များကိုလည်း လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းကို ကျွန်ုပ်၏မိတ်ဆွေများပြောပြ၍ အသိပေးအကြောင်းကြားအပ်ပါသည်။ ထိုသို့အသိပေးပြီးဖြစ်သော်လည်း လူကြီးမင်းတို့၏ ကြေညာချက်အပေါ် ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ပေးပါရန် အသိပေးအပ်ပါသည်။ အကယ်၍ ထိုသို့အသိပေးအကြောင်းကြားခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေများအပေါ် လုပ်ငန်းထိခိုက်အောင်၊ ဂုဏ်သရေညှိုးနွမ်းအောင် ထပ်မံပြုလုပ်ခဲ့ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မောင်လတ် (LL.B) (စဉ်-၁၄၄၈၃)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၅၀၊ မောင်းမကန်လမ်း၊ သောကြာပြင်ရွာ၊ လောင်းလုံးမြို့နယ်**

## ဒေါ်ရင်ရင်မြင့်
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ ဂန္ဓမာလမ်း(စူနီယံပါတ်)၊ အမှတ် ၃(ခ)နေ (ဦးအောင်မြင့်-ဒေါ်ရင်ပို့)တို့၏သမီး၊ (ဦးမှတ်ဝင်း-ဒေါ်သိန်းလှ)တို့၏ သမီးချွေးမ၊ ဦးအေးမြင့်ဦး-ဒေါ်ခင်အေးခိုင်၊ ဒေါ်ဝင်းဝင်းမြင့်တို့၏ ညီမ၊ ဦးရဲထွန်းညွန့်-ဒေါ်မြသိန်းမြင့်တို့၏ အစ်မ၊ ဒေါက်တာမင်းသူ-ဒေါ်ဟေဇာမြင့်ဦး၊ ဦးစိုးဝင်းအောင်-ဒေါ်သီဇာမြင့်ဦး၊ ကိုစိုးလင်းဦး၊ ဒေါက်တာမေမိုး၊ ကိုရွှေပြည်သာ(SATOH SHINJO)တို့၏ အဒေါ်၊ (ဦးအောင်ပို)၏ဇနီး၊ ဦးမင်းဟိန်းနောင်၏ မိခင်သည် ၄-၇-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၃:၄၀နာရီတွင် ပန်းလှိုင်ဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**နေပြည်တော်၊ ပျဉ်းမနားမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း - ၂၊ လူနေရပ်ကွက် ရွာကောက်၊ ဦးပိုင်/မြေကွက်အမှတ်(မ-၃၀၉၅၊ မ-၃၀၉၆)၊ အလျားပေ (၁၂၀)၊ အနံပေ(၈၀)၊ ဧရိယာ(၀.၂၂၀)ဧက အကျယ်အဝန်းရှိ ဦးဝင်း ဇော်(ဘ)ဦးတင်ဦး ၁၄/မအပ(နိုင်)၁၆၄၅၄၃ အမည်ပေါက် နှစ်(၃၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း**

အထက်ဖော်ပြပါ ဝိုင်းခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်အမည်ပေါက် လက်ရှိထားပိုင်ဆိုင်သူ ဦးဝင်းဇော်(ဘ)ဦးတင်ဦး ၁၄/မအပ(နိုင်)၁၆၄၅၄၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှာ အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီကြပါသောကြောင့် ရောင်းကြေးစရန်အချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းသန္တာဇော်( LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၅၆/၂၀၁၇)**
**အမှတ်(၃/၁၈၄)၊ အုတ်ကျင်းရပ်ကွက်၊ ဦးဘွားလမ်း၊ ပျဉ်းမနားမြို့၊**
**နေပြည်တော်၊ ဖုန်း-၀၉-၉၇၀၆၄၂၁၁၁၊ ၀၉-၇၉၇၈၅၁၈၅၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/46084, CANDA 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးရာဇာ ၁၄/ပသန (နိုင်)၂၀၇၀၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/9883, Mitsubishi Fuso FS 510 YZ Truck (8X4)R ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ဝင်းနိုင် ၁၄/ရကန (နိုင်)၀၈၆၈၂၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အလက ရေဆင်းကျောင်း Grade-3 တွင် ပညာသင်ကြားနေသော မောင်အောင်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းမောင် ၉/ပမန(နိုင်) ၂၅၀၇၆၄ ဖြစ်ပါကြောင်း။

**ဦးဇော်လင်းမောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေးဒရဲမြို့နယ်၊ အုန်းပင်ကျေးရွာနေ ဦးအောင်ကိုမင်း ၁၄/ဒဒရ(နိုင်)၁၈၆၈၆၅ -ဒေါ်မြစန္ဒာတို့၏သား၊ ဖျာပုံမြို့၊ အထက (၁) Grade-11 တွင် ပညာသင်ကြားနေသော မောင်ရန်ပိုင်စိုး (ခ) မောင်လင်းထက်အောင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1R/3959 ယာဉ်လက်ဝယ်ရှိသူ ဦးရွှေဝင်း ၁၂/ဥကမ (နိုင်)၁၂၆၃၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/82578, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာဝင်း ၁၄/ဟသတ (နိုင်)၀၀၄၅၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## သွေးသည်အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၆၇၈) ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ် အဆောက်အအုံမှ (၁၉ ပေ x ၅၄ ပေ) အကျယ် သတ္တမထပ် (A7) ဟု သတ်မှတ်ခေါ်တွင်သော တိုက်ခန်းအား ၎င်းအခန်း လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်လဂျုံခေါ်နဇင် (၁/မကန (နိုင်) ၁၆၃၂၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းအား ပေးအပ်ထားပြီးဖြစ်၍ ယင်းမြေကွက်၏ ပိုင်ဆိုင်အကျိုးခံစားခွင့်များအပေါ် အခြားသက်ဆိုင်သူများအနေဖြင့် ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဆုံးခန်းတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလင်းဇာနည်(စဉ်-၈၄၁၂) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂/အက်ဖ်) ၅၄ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၂၉၃၄၅၆၆၊ ၀၉-၄၄၃၁၁၃၆၄၇**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်(၁)၊ မြေကွက်အမှတ်-( ၁၁ )အရ မြေဧရိယာ-( ၂. ၁၁၅ )ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-( ၁၁ )၊ ကွမ်းအစ်မင်းသားကြီးလမ်း၊ စက်မှုဇုန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိုင်းထွန်းရွှေ ( ၉/မရမ (နိုင်) ၀၅၃၄၁၂ )နှင့် ဦးဇော်ဝင်း ( ၁၃/တကန (နိုင်) ၀၀၃၀၉၇ )တို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်၊ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)**
**အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ပြည်သူနှင့် တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ် ...

❖ တပ်မတော်သည် အမြဲတမ်းရှိနေမည်ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ် ...

❖ စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏ အားဖြစ် ...

❖ တိုင်းပြည်၏ စုစည်းညီညွတ်မှုများ မပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစည်းအဝေး (၉/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❇



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ရန်ကုန်နှင့် သရေကျခဲ့သည့် ရှမ်းယူနိုက်တက်အသင်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်

**နေပြည်တော် ဇူလိုင် ၅**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) တတိယနေ့ကို ဇူလိုင် ၅ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရန်ကုန်အသင်းကို သရေကစားပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❍



ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားစဉ်။

**ယနေ့ သတင်းအညွှန်း**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်**
ပြည်တွင်းသတင်း စာ ၂

**SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်**
ပြည်တွင်းသတင်း စာ ၅

**တရုတ်နိုင်ငံ ချုံချင်းမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား ၁၅ ဦး သေဆုံးပြီး လေးဦး ပျောက်ဆုံးနေ**
နိုင်ငံတကာသတင်း စာ ၁၃